# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက် ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၃)၊ အမှတ်(၂၈၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### နိုင်ငံပိုင်နှင့်ပုဂ္ဂလိကဘဏ်များမှ နာယကများ၊ ဥက္ကဋ္ဌများနှင့် ဘဏ်လုပ်ငန်းဆိုင်ရာများ တွေ့ဆုံဆွေးနွေး

# ဘဏ်များသည် ငွေအပ်နှံသူများ၏အကျိုးစီးပွားကို ကာကွယ်ပေးရန် တာဝန်ရှိသကဲ့သို့ ငွေကြေးစနစ် တည်ငြိမ်မှု၊ လုံခြုံမှုနှင့် ခိုင်မာမှုထိန်းသိမ်းရေးကို တစ်ပါတည်းဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး နိုင်ငံပိုင်နှင့်ပုဂ္ဂလိကဘဏ်များမှ နာယကများ၊ ဥက္ကဋ္ဌများနှင့် ဘဏ်လုပ်ငန်းဆိုင်ရာများ တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၁၀

နိုင်ငံပိုင်နှင့်ပုဂ္ဂလိကဘဏ်များမှ နာယကများ၊ ဥက္ကဋ္ဌများနှင့် ဘဏ်လုပ်ငန်းဆိုင်ရာများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ်များမှ နာယကများ၊ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ ➝





# နိုင်ငံတော်အစိုးရ၊ အများပြည်သူနှင့် ဘဏ်များအကြား သုံးဦးသုံးဖလှယ်အကျိုးရှိသည့် Win-Win-Win Situation ရရှိစေရေး ကြိုးပမ်းဆောင်ရွက်

❖ မိမိတို့နိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေသည့်အတွက် ဗဟိုဘဏ်နှင့် ဘဏ်များသည် သီးခြားလွတ်လပ်စွာ ဆောင်ရွက်နိုင်

❖ သို့သော် ယခုအခါတွင် သတ်မှတ်စည်းကမ်းများကို ဖောက်ဖျက်မှုများသည် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများကို ထိပါးလာသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ထိုက်သင့်အားလျော်စွာ ကြီးကြပ်ဆောင်ရွက်ပေးနေ

❖ ပြည်သူလူထုအနေဖြင့်လည်း မလိုအပ်ဘဲ ငွေကြေးအမြောက်အမြား ထုတ်ယူခြင်း၊ ကောလာဟလသတင်းများအပေါ် စိုးရိမ်စိတ်လွန်ကဲပြီး ထုတ်ယူခြင်းများ မပြုလုပ်ကြရန်လည်းလိုအပ်

❍ *ရွှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး က နိုင်ငံတော်၏အရေးပါသော ငွေရေးကြေးရေးကဏ္ဍ အတွင်း ကြီးမားသောတာဝန်များ ထမ်းဆောင်နေကြ သည့်ဘဏ်များ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ နှင့် နိုင်ငံတော်အစိုးရနှင့် ဗဟိုဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေ ရန်၊ နိုင်ငံတော်၏ ငွေကြေးစနစ်တည်ငြိမ်မှုရှိပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် အပြန်အလှန် နားလည်မှုများ အပြည့်အဝရရှိစေရန် ရည်ရွယ်၍ ဖိတ်ခေါ်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ဘဏ်များသည် ငွေအပ်နှံသူများ၏အကျိုးစီးပွားကို ကာကွယ်ပေးရန် တာဝန်ရှိသကဲ့သို့ ငွေကြေးစနစ်တည်ငြိမ်မှု၊ လုံခြုံမှု နှင့် ခိုင်မာမှုထိန်းသိမ်းရေးကို တစ်ပါတည်းဆောင်ရွက် သွားကြရန်ဖြစ်ကြောင်း၊ ယင်းအခြေအနေကို ဖြစ်ပေါ် လာစေရေးအတွက် နိုင်ငံတော်အစိုးရ၊ ဗဟိုဘဏ် နှင့် ဘဏ်များပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

**စည်းမျဉ်းစည်းကမ်းများကို လိုက်နာ**

ဘဏ်များ၏ လိုအပ်ချက်ကို နိုင်ငံတော်အစိုးရနှင့် ဗဟိုဘဏ်တို့က ပံ့ပိုးနေသကဲ့သို့ ဘဏ်များကလည်း နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ စည်းမျဉ်း စည်းကမ်းများကို လိုက်နာရမည်ဖြစ်ကြောင်း၊ စီးပွား ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စည်းစနစ်ဖြင့် ယှဉ်ပြိုင်ခြင်းထက် ကိုယ်ကျိုးစီးပွားကြောင့် လက်ဝါးကြီးအုပ်ခြင်း၊ ဈေးကစားမှုပြုခြင်းများ ကြောင့် အများပြည်သူ၏အကျိုးစီးပွားကို ထိခိုက် နစ်နာစေခြင်းမှ တားဆီးကာကွယ်ပေးရမည်ဖြစ် ကြောင်း၊ အလားတူ တည်ဆဲဥပဒေစည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ပြီး နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေပါက သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**အကြိမ်ကြိမ်ကြပ်မတ်စစ်ဆေး**

မိမိတို့နိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေသည့်အတွက် ဗဟိုဘဏ်နှင့် ဘဏ်များ သည် သီးခြားလွတ်လပ်စွာ ဆောင်ရွက်နိုင်ပါကြောင်း၊ သို့သော် ယခုအခါတွင် သတ်မှတ်စည်းကမ်းများကို ဖောက်ဖျက်မှုများသည် နိုင်ငံတော်၏စီးပွားရေး မူဝါဒများကို ထိပါးလာသည့်အတွက် နိုင်ငံတော် အစိုးရအနေဖြင့် ထိုက်သင့်အားလျော်စွာ ကြီးကြပ် ဆောင်ရွက်ပေးနေပါကြောင်း၊ ပြည်သူလူထုအနေဖြင့် လည်း မလိုအပ်ဘဲ ငွေကြေးအမြောက်အမြား ထုတ်ယူခြင်း၊ ကောလာဟလသတင်းများအပေါ် စိုးရိမ်စိတ်လွန်ကဲပြီး ထုတ်ယူခြင်းများ မပြုလုပ်ကြ ရန်လည်း လိုအပ်ပါကြောင်း၊ အကြောင်းအမျိုးမျိုး ကြောင့် ဝန်ထမ်းအင်အား နည်းပါးလာခြင်းအပေါ် ဘဏ်များ၏ ဝန်ဆောင်မှုလုပ်ငန်းများ လစ်ဟာမှုမရှိ စေရန် အကြိမ်ကြိမ် ကြပ်မတ်စစ်ဆေးခြင်းများ ဆောင်ရွက်စေလိုပါကြောင်း၊ ဘဏ်များတွင် နိုင်ငံသား လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်ထားရန် လိုအပ်ပါကြောင်း၊ Card စနစ် များ၊ e – Banking ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေး အလေးထား ဆောင်ရွက်သွားစေလိုပါကြောင်း၊ ဝန်ဆောင်မှုအရည်အသွေး အပြည့်အဝရှိသည့် ဘဏ်ခွဲများကို ကျစ်ကျစ်လျစ်လျစ်ဖြင့် တိုးချဲ့ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားစေလိုပါကြောင်း။

❑ ဘဏ်များ၏ လိုအပ်ချက်ကို နိုင်ငံတော်အစိုးရနှင့် ဗဟိုဘဏ်တို့က ပံ့ပိုးနေသကဲ့သို့ ဘဏ်များကလည်း နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်

❑ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စည်းစနစ်ဖြင့် ယှဉ်ပြိုင်ခြင်းထက် ကိုယ်ကျိုးစီးပွားကြောင့် လက်ဝါးကြီးအုပ်ခြင်း၊ ဈေးကစားမှုပြုခြင်းများကြောင့် အများပြည်သူ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ပေးရမည်

**အထူးအလေးထားပူးပေါင်းဆောင်ရွက်**

နိုင်ငံတော်ကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉)ရပ်တို့ အောင်မြင်စေရေး အတွက် နိုင်ငံတော်အစိုးရသည် ပြည်သူလူထုတစ်ရပ် လုံးနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်နေချိန် တွင် ဘဏ်လုပ်ငန်းရှင်ကြီးများ၊ စီးပွားရေးလုပ်ငန်း ရှင်ကြီးများကို ပြည်သူများ၏ အကျိုးစီးပွားအား အပြည့်အဝ ကာကွယ်စောင့်ရှောက်မည့် ပုဂ္ဂိုလ်များ အဖြစ် အားကိုးအားထားပြုပြီး ပူးပေါင်းဆောင်ရွက် သွားလိုပါကြောင်း၊ ထို့ကြောင့် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ဘဏ်တာဝန်ရှိသူ များ အဆင့်ဆင့်က အထူးအလေးထား ပူးပေါင်း ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော် အစိုးရ၊ အများပြည်သူနှင့် ဘဏ်များအကြား သုံးဦး သုံးဖလှယ်အကျိုးရှိသည့် Win–Win–Win Situation ရရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲ ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့် နိုင်ငံခြားသုံးငွေကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် မြန်မာ နိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့က ဘဏ်များ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေး**

ယင်းနောက် နိုင်ငံပိုင်နှင့်ပုဂ္ဂလိကဘဏ်များမှ နာယကများ၊ ဥက္ကဋ္ဌများ၊ ဦးဆောင်ညွှန်ကြားရေးမှူး များနှင့် တာဝန်ရှိသူများက ခိုင်မာအားကောင်းသည့် ငွေရေးကြေးရေးကဏ္ဍ ဖြစ်ပေါ်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ဘဏ် လုပ်ငန်းဆိုင်ရာပြဋ္ဌာန်းထားသည့် ဥပဒေ ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေးအတွက် ဆက်လက်ဆောင်ရွက်သွား မည့် အခြေအနေများနှင့် ဘဏ်လုပ်ငန်းရှင်အများစု သည် စီးပွားရေးလုပ်ငန်းရှင်ကြီးများလည်း ဖြစ်သဖြင့် ကန်ထရိုက်လယ်ယာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် လုပ်ငန်းစုများ အသင်းစု များအဖြစ် တိုးချဲ့၍ ပူးပေါင်းရင်းနှီးမြှုပ်နှံဆောင်ရွက် သင့်ကြောင်း၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင် ရေးအတွက် ပြည်တွင်း၌ စက်ရုံ/အလုပ်ရုံများ တည်ဆောက်၍ Value Add ထုတ်ကုန်များ ထုတ်လုပ်သင့်ကြောင်း ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ဆွေးနွေးချက်များအပေါ် လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံး ချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဒုတိယအကြိမ် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးတက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန်  ဇူလိုင်  ၁၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာ ၏ ဖိတ်ကြားချက်အရ နယူးဒေလီမြို့၌ ကျင်းပမည့် ဒုတိယအကြိမ် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီး များ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် အိန္ဒိယ နိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး မစ္စတာ အဘ်ဟေးတာကူးရ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ခဲ့ကြသည်။

**သတင်းစဉ်**



**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

**နေပြည်တော်  ဇူလိုင်  ၁၀**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ တောင်ငူ (လေကြောင်းမိုးလေဝသ)တွင် ၁ ဒသမ ၅၄ လက်မ၊ ဖြူးမြို့တွင် ၁ ဒသမ ၃၇ လက်မ၊ နေပြည်တော် (ဥတ္တရသီရိမြို့နယ်)တွင် ၁ ဒသမ ၃၄ လက်မ၊ ပဲခူးမြို့တွင် ၁ ဒသမ ၂၅ လက်မ၊ မိုးကောင်းမြို့နှင့် ဂွမြို့တို့တွင် ၁ ဒသမ ၁၄ လက်မစီ၊ ဖျာပုံမြို့တွင် ၁ ဒသမ ၀၆ လက်မနှင့် ငပုတောမြို့တွင် ၁ ဒသမ ၀၀ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း (ပုသိမ်)ရှိ အိမ်တွင်းမှုနှင့် ဟိုတယ်ဝန်ဆောင်မှုသင်တန်းများမှ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**နေပြည်တော် ဇူလိုင် ၁၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၈ ရက်က မအူပင်မြို့နှင့် ဘိုကလေးမြို့တို့ရှိ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်များ၏ သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကျေးဇူးသစ္စာစောင့်သိနေထိုင်**

ပြည်ထောင်စုဝန်ကြီးသည် လူငယ်သင်တန်းကျောင်းများမှ ကျောင်းအုပ်၊ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံစဉ် သင်ကြားပေးနေသော စာပေအတတ်ပညာများကို အပတ်တကုတ် လေ့လာသင်ယူသွားကြရန်၊ အတတ်ပညာများအပြင် ပြင်ပဗဟုသုတများကို လေ့လာဆည်းပူး၍ အသိပညာများ ဖွံ့ဖြိုးတိုးတက်အောင် အမှန်နှင့်အမှား ကွဲပြားစွာ ဝေဖန်ပိုင်းခြားနိုင်သော လူတော်လူကောင်းများ ဖြစ်အောင် ကြိုးစားကျင့်ကြံ နေထိုင်သွားကြရန်၊ နိုင်ငံတော်မှ အခမဲ့ပညာသင်ကြားရေးနှင့် နေထိုင်စားသောက်ရေးတို့ကို အလေးထား ဆောင်ရွက်ပေးထားသည့်အပေါ် ကျေးဇူးသစ္စာစောင့်သိ နေထိုင်သွားကြရန်၊ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အနာဂတ်၏ ခေါင်းဆောင်ကောင်းများ ဖြစ်လာမည့် ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း ကျောင်းသင်ခန်းစာများကို အေးချမ်းစွာ လေ့လာသင်ယူနိုင်မည် ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၊ နည်းပြများအနေဖြင့် ကျောင်းသား ကျောင်းသူများကို စာပေပညာရပ်များအပြင် အတွေးအခေါ် အသိအမြင်နှင့် အယူအဆကောင်းများ၊ ဗလ ငါးတန်နှင့် ပြည့်စုံ၍ နောင်တစ်ချိန်တွင် နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများ၊ ခေါင်းဆောင်ကောင်းများ ဖြစ်အောင် ရည်မှန်းချက်များနှင့်အညီ လေ့ကျင့်သင်ကြားပျိုးထောင်သွားကြရန် မှာကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

**နေ့လယ်စာ သုံးဆောင်**

ထို့နောက် ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်များ၊ စာကြည့်တိုက်၊ အားကစားခန်းမ၊ ကျောင်းသန့်ရှင်းသာယာလှပရေးနှင့် ရာသီသီးနှံစိုက်ပျိုးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မအူပင်လူငယ်သင်တန်းကျောင်း စားရိပ်သာ၌ ကျောင်းသား ကျောင်းသူများနှင့်အတူ နေ့လယ်စာကို သုံးဆောင်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မအူပင်မြို့ရှိ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းနှင့် ဘိုကလေးမြို့အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းများသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေရန် နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်ပေးခဲ့သည့်ဘောလုံးအားကစားကွင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကာ ထပ်မံတိုးချဲ့ အဆင့်မြှင့်တင်နိုင်ရေး၊ စုပေါင်းတန်းစီကွင်းနှင့် ဘော်လီဘော၊ ပိုက်ကျော်ခြင်းကွင်းများ ပြုလုပ်ပေးနိုင်ရေးတို့ကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပေး၍ ကျောင်းသား ကျောင်းသူများကို အာဟာရပြည့် ဖြည့်စွက်စာများ ကျွေးမွေးနိုင်ရေးအတွက် လှူဒါန်းငွေများပေးအပ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၉ ရက် နံနက်ပိုင်းက မြောင်းမြမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် လပွတ်ကုလားကျေးရွာအုပ်စုအတွင်းရှိ သမိုင်းဝင်ရွှေဂူကြီးဘုရားအဝင်လမ်း ၄ ဖာလုံ ဖောက်လုပ်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ လပွတ်ကုလားကျေးရွာနှင့် (ဝဲဒေါင့်) ဒေါင့်ကြီးကျေးရွာချင်းဆက် လမ်းပေါ်ရှိ (ဝဲဒေါင့်) ဒေါင့်ကြီးတံတား ပြုပြင်တည်ဆောက်ရမည့် အခြေအနေကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက်ဝဲဒေါင့်ကျေးရွာဗုဒ္ဓသာသနာ့ ဇောတိပါလမ္ဘာရုံ ကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် မြောင်းမြမြို့နယ် သိလ္လာချောင်းဖျားကျေးရွာသို့ ရောက်ရှိပြီး ဂန္ဓာရုံကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ပြီး မြောင်းမြ - လပွတ္တာလမ်းမှ သိလ္လာချောင်းဖျားကျေးရွာသွား ၁ မိုင် ၄ ဖာလုံ မြေလမ်းကို လမ်းအဆင့်မြှင့်တင်နိုင်ရေး မြေပြင်ကြည့်ရှုစစ်ဆေး၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ချီးမြှင့်ငွေများ ပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လပွတ္တာမြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းကျောင်းခန်းမ၌ အိမ်တွင်းမှုနှင့် စက်မှုလက်မှု သင်တန်းကျောင်းအုပ်များ၏ သင်တန်းကျောင်းဆိုင်ရာ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ သင်တန်းကျောင်း နှစ်ကျောင်းမှ ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများကို အမှာစကား ပြောကြား၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် သင်တန်းသူများ၏ လက်တွေ့သင်ကြားနေမှု၊ ချုပ်လုပ်ထားရှိသည့် လက်ရာများ၊ အိပ်ဆောင်၊ စားရိပ်သာ၊ စတိုဆောင်နှင့် ကျောင်းဝင်းအတွင်းကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လပွတ္တာမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းသို့ ရောက်ရှိပြီး လက်ကိုင်ဖုန်းပြင်သင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ ဆောက်လုပ်ရေးသင်တန်းများတွင် ဘာသာရပ်အလိုက် လက်တွေ့ လေ့ကျင့်သင်ကြားနေမှုနှင့် သင်တန်းသားများ၏ စားသောက်နေထိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ရှိ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်မှ သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် သင်တန်းကျောင်းမှ ဝန်ထမ်းများ၊ နည်းပြ၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များ လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်ကြားပေးသည့် ဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်အောင် ကြိုးစားအားထုတ်လေ့ကျင့်သင်ကြားသွားကြရန်၊ တတ်မြောက်ထားသည့် ဘာသာရပ်များကို စဉ်ဆက်မပြတ်အသုံးချ၍ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်၍ ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ၊ အဆင့်မြင့်စက်ချုပ်သင်တန်းများ လေ့ကျင့်သင်ကြားနေမှု၊ သင်တန်းသူများ၏ လက်ရာများ၊ သင်တန်းကျောင်း၏ အပ်ချုပ်ဆိုင်၊ မော်တာဆောင်၊ စာကြည့်တိုက်၊ စားရိပ်သာ၊ အိပ်ဆောင်နှင့် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့၊ တောင်ယာကုန်း၊ ရွာသစ်ကုန်း၊ စမ်းကြီးကုန်းနှင့် ဖိုးရွှေမြကုန်း ကျေးရွာတို့မှ လယ်မြေ ၄၈ ဧကတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆိုလာရေတင်စနစ် အသုံးပြု၍ သီးထပ်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## ပုသိမ်ကြီးမြို့၌ ဧရာဝတီမြစ်အတွင်း ငါးမျိုးများစိုက်ထည့်

**မန္တလေး ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာများ ပိုမိုရရှိစားသုံးနိုင်စေရေးအတွက် ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ပုသိမ်ကြီးမြို့နယ် ကျွဲစွန်း ဆိပ်ကမ်းအနီး ဇူလိုင် ၁၀ရက် နံနက်က ကျင်းပသည်။

အဆိုပါငါးမျိုးစိုက်ထည့်ပွဲသို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဦးသံချောင်း၊ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ငါးလုပ်ငန်းစခန်းတာဝန်ခံများနှင့် ဝန်ထမ်းများ ရေလုပ်သားများမှ နှစ်လက်မအရွယ်ရှိ ငါးခုံးမကြီးကောင်ရေ ၃၅၀၀၀၀၊ ရွှေဝါငါးကြင်းကောင်ရေ ၁၀၀၀၀၀ နှင့် ငါးမြစ်ချင်းကောင်ရေ ၂၀၀၀၀၀ စုစုပေါင်း ကောင်ရေ ၆၅၀၀၀၀ အား ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့သည်။ (ယာပုံ)

**သတင်းစဉ်**



# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၁၀**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအနီး သတ်မှတ်နေရာ၌ ကျင်းပသည်။

**တက်ရောက်စိုက်ပျိုး**

သစ်ပင်စိုက်ပျိုးပွဲသို့ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက် စိုက်ပျိုးကြသည်။

**ကြည့်ရှုအားပေး**

သစ်ပင်စိုက်ပျိုးပွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သတ်မှတ်နေရာများတွင် ကျွန်းပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး (ဝဲပုံ) အရာထမ်း၊ အမှုထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် ကျွန်းပင် ၂၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြေလွတ်၊မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများအနေဖြင့် သတ်မှတ်ကာလအတွင်း စည်းကမ်းချက်နှင့်အညီ အပြည့်အဝစိုက်ပျိုးမွေးမြူလုပ်ကိုင်ဆောင်ရွက်အသုံးပြုရန်အတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် အသိပညာပေးဆွေးနွေး





**နေပြည်တော် ဇူလိုင် ၁၀**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ (၁၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဗဟိုကော်မတီဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးရန် ခွင့်ပြုပေးထားသည့်မြေများကို စနစ်တကျ အသုံးချရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းသည် ဆက်စပ်လျက်ရှိပြီး နိုင်ငံ့ GDP တိုးတက်ရေးနှင့် ဆက်စပ်မှုများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ GDP တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် မြေယာနှင့် မြေလွတ်မြေရိုင်း အသုံးချမှုများကိုလည်း တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရက လမ်းညွှန်မှုပြုထားပါကြောင်း၊ မြေလွတ်၊မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများအနေဖြင့် သတ်မှတ်ကာလအတွင်း စည်းကမ်းချက်နှင့်အညီ အပြည့်အဝ စိုက်ပျိုးမွေးမြူလုပ်ကိုင်ဆောင်ရွက် အသုံးပြုရန်အတွက် ကော်မတီဝင်များအနေဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသိပညာပေး ဆွေးနွေးကြရန် လိုအပ်ကြောင်း။

**စနစ်တကျစိစစ်ခွင့်ပြုပေး**

၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်းပြီးနောက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီက စုစုပေါင်းမြေဧရိယာ ၂၇၄၁၂၇၉ ဧကကို လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များ ချထားပေးခဲ့သော်လည်း သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်မှုမရှိသည့် မြေဧရိယာ ၁၅၉၉၃၆၄ ဧကကို ပြန်လည်သိမ်းဆည်းခဲ့ရကြောင်း၊ ထိုကဲ့သို့ ပြန်လည်သိမ်းဆည်းရန် ဆောင်ရွက်ရသည့် လုပ်ငန်းရပ်များအတွက် အသုံးပြုရသည့် အချိန်နှင့်ငွေကြေးကို ချွေတာနိုင်စေရန် မိမိတို့ ကော်မတီနှင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီများအနေဖြင့် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားလာသူ၏ အမှန်တကယ် အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်နိုင်မည့် ဧရိယာပမာဏကို စနစ်တကျ စိစစ်ခွင့်ပြုပေးရန် လိုအပ်ကြောင်း။

အလားတူ ယခင်လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ မြေခွန်တော်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီးနောက် ကောက်ခံရမည့် နှစ်စဉ်ကြေး မြေခွန်စည်းကြပ် ကောက်ခံနိုင်ရေးကိုလည်း ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြေခွန်တော်ကြွေးကျန်ဖြစ်ပေါ်ခြင်းနှင့် သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ပေးထားသည့် မြေကို ပြန်လည်သိမ်းဆည်းခြင်း၊ ပေးသွင်းထားသော အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းများအပြင် တည်ဆဲဥပဒေများအရ တိတိကျကျ အရေးယူဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ အတွင်းရေးမှူးက အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို တင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

ယနေ့ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၁၄) ကြိမ်မြောက် အစည်းအဝေးတွင် သက်ဆိုင်ရာဝန်ကြီးဌာနများက သဘောထားမှတ်ချက်ပြန်ကြားလာသည့် လုပ်ငန်းစာတွဲများ စိစစ်တင်ပြခြင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားလာမှုများအပေါ် စိစစ်တင်ပြလာသည့် လုပ်ငန်းစာတွဲများနှင့် ပတ်သက်သည့် ကိစ္စရပ်များအပေါ် ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒိုက်ဦးမြို့နယ်အတွင်း စိုက်ပျိုးစွမ်းအား မြှင့်တင်ပေးနိုင်ရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နေမှု သွားရောက်ကြည့်ရှုအားပေး





**ဒိုက်ဦး ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယမန်နေ့က ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ်အတွင်း စိုက်ပျိုးစွမ်းအား မြှင့်တင်ပေးနိုင်ရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာအုပ်စု၌ တစ်နှစ် (၁) သီးသာ စိုက်ပျိုးနိုင်သည့် ရေကြီးရေနက်ကွင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် တစ်နှစ်သုံးသီးစိုက် မြေနေရာအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခဲ့သည့် လယ်မြေဧရိယာ ၁၂၅ ဧကတွင် ကြိုတင် ပျိုးထောင်စနစ်ဖြင့် မိုးစပါးစိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာအုပ်စု၌ လက်ဆွဲကောက်စိုက်စက်အသုံးပြု၍ တစ်ကွင်းတစ်ဆက်တည်း မိုးစပါးဧက ၄၅၀ စုပေါင်းစိုက်ပျိုးပွဲတွင် ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးသီးနှံ အလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းလမ်းလေးသွယ် ပြည့်စုံကောင်းမွန်စေရေး အထူးအလေးထားဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် တိုင်းဒေသကြီးအတွင်း အဓိကသီးနှံ ခြောက်မျိုးအပြင် နှမ်းစပါးလည်း ပန်းတိုင်အထွက်နှုန်း ကျော်လွန်ရရှိခဲ့ကြောင်း ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးက မိုးစပါးစိုက်ရာသီတွင် ကျရောက်တတ်သည့် ပိုးမွှားရောဂါများ နှိမ်နင်းခြင်းဆိုင်ရာ အသိပညာပေးပြောကြားခဲ့ပြီး တောင်သူများကို သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကာ တန်ဖိုးနည်းလက်ဆွဲကောက်စိုက်စက်များဖြင့် မိုးစပါးစိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးခဲ့သည်။ (ယာပုံ)

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒိုက်ဦးမြို့နယ် ကတုတ်ရွာမကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် လုပ်ငန်းရှင် ဦးသန့်ဇင်ထွန်း၏ ခြံလှောင်စနစ်ဒေသကြက်ကောင်ရေ ၇၀၀၀ မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ဆိတ်နှင့် နွားမွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ တိရစ္ဆာန်အားတိုးဆေးများ ထောက်ပံ့ပေးအပ်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၁၀-၇-၂၀၂၄)၊ ည (၈:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာများဖြင့် လူနာအချို့ ဆေးရုံတက်ရောက်မှုများနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၉-၇-၂၀၂၄) ရက်နေ့၊ ညနေ (၆:၀၀) နာရီမှ (၁၀-၇-၂၀၂၄) ရက်နေ့၊ ညနေ (၆:၀၀) နာရီအထိ (၂၄) နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ် (၁၁၅) ဦးရှိခဲ့ပြီး ၎င်းတို့အနက် (၂၂) ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏ အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၁၀-၇-၂၀၂၄) ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့် လူနာ (၈၇)ဦးအားဆေးရုံမှဆင်းခွင့်ပြုခဲ့သဖြင့် (၁၀-၇-၂၀၂၄) ရက်နေ့၊ ညနေ (၆:၀၀)နာရီအထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သောလူနာစုစုပေါင်း (၂၁၇) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန




## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကို ကာကွယ်ရန် ယင်နားစာအပါအဝင် မသန့်ရှင်းသောအစားအစာ စားသုံးခြင်းကို ရှောင်ကြဉ်ပါ၊ သောက်ရေသန့်(သို့မဟုတ်) ရေကိုကျိုချက်၍ သောက်ပါ၊ လက်သန့်စင်ရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုပါ၊ ယင်လုံအိမ်သာသုံးစွဲပါ၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ပါ၊ ရောဂါလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနများနှင့် ပြည်သူ့ဆေးရုံများသို့ သွားရောက်ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

## တာမွေမြို့နယ်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခဲ့သည့်နေရာများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တာမွေ ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းဝင်များ၊ မြို့နယ်လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ယနေ့မွန်းလွဲပိုင်းက မြို့နယ်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခဲ့သည့် နေရာများသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုကဲ့သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် တာမွေမြို့နယ် ဝမ်းပျက် ဝမ်းလျှော ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများသည် မြို့နယ်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခဲ့သည့် တာမွေကြီး (ခ) ရပ်ကွက် ကျိုက္ကဆံအားကစားကွင်းအတွင်းရှိ လူနေအိမ်များတွင် နေထိုင်ကြသော ပြည်သူများ၏ နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေးအခြေအနေများကို အဓိကထား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် မြို့နယ်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာနိုင်စေရန် အသိပညာပေးဟောပြောခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကိုလည်း ဆောင်ရွက်သည်။

ရန်ကုန်တိုင်း ဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ်တွင် ဇွန် ၂၃ ရက်မှစတင်ကာ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုများ ဖြစ်ပေါ်ခဲ့ပြီး ယနေ့အထိ ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ပွားသူ ၁၄ ဦးအထိရှိရာ ပြန်လည်ကောင်းမွန်လာသူ ကိုးဦးရှိ၍ လက်ရှိ ဆေးကုသမှု ခံယူနေသူ ငါးဦးရှိကြောင်း မြို့နယ်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းကော်မတီမှ သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

## ရွှေတောင်မြို့၌ ရေဘေးအန္တရာယ် သဏ္ဌာန်တူသရုပ်ပြလေ့ကျင့်

**ရွှေတောင် ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ပြည်ခရိုင် သဘာဝဘေး စီမံခန့်ခွဲမှု ကော်မတီနှင့် မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်း၍ ရေဘေးသဏ္ဌာန်တူသရုပ်ပြ လေ့ကျင့်ခန်းကို ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက်တွင် ဇူလိုင် ၉ ရက်က သရုပ်ပြလေ့ကျင့်ဆောင်ရွက်ခဲ့သည်။

ထိုသို့ ရေဘေးသဏ္ဌာန်တူသရုပ်ပြလေ့ကျင့်ခန်း ဆောင်ရွက်ရာတွင် မြစ်ရေဝင်ရောက်မှုအား အသိပေးကြေညာခြင်း၊ ရေဘေးအန္တရာယ် ကျရောက်လာပါက ရင်ဆိုင်တုံ့ပြန်ရမည့်လုပ်ငန်းအဆင့်ဆင့်ကို အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရပ်ကွက်နေပြည်သူများ၊ ကျောင်းသားကျောင်းသူများ၊ ခရိုင်နှင့် မြို့နယ်သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီပါ ဌာနဆိုင်ရာများ စုစုပေါင်းအင်အား ၂၅၀ ဖြင့် ပူးပေါင်းလေ့ကျင့်သည်။



ထို့နောက် ယာယီကယ်ဆယ်ရေးစခန်းဖြစ်သည့် ရွှေမျက်မှန်ဘုရားကြီးဓမ္မာရုံ၌ ပြည်ခရိုင်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်၊ ပြည်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်တင်ချိုနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က ရေဘေးအန္တရာယ်အသိပညာပေး ဟောပြောခဲ့ကြပြီး (ဝဲပုံ) ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

ကိုကိုမင်း (ပြန်/ဆက်)

# အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် အလုပ်သမားဝန်ကြီးဌာနတို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး





**နေပြည်တော် ဇူလိုင် ၁၀**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် အလုပ်သမားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် CPU အဖွဲ့ဝင်များ တက်ရောက်ကြသည်။

### ပွင့်လင်းမြင်သာစွာဆောင်ရွက်

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပေါ်နိုင်ပြီး အဂတိလိုက်စားမှုကို ကျူးလွန်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် အရေးယူခံရမည့်အပြင် ပတ်ဝန်းကျင်အသိုင်းအဝိုင်း၌ မိမိ၏ ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းစေမည် ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများ သိရှိရှောင်ကြဉ်ရန် လိုအပ်ကြောင်း၊ ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းသည် ဆိုသည့် စကားနှင့်အညီ အဂတိလိုက်စားမှုများ ပေါ်ပေါက်မှ စုံစမ်းစစ်ဆေး အရေးယူခြင်းထက် အဂတိလိုက်စားမှုများ မဖြစ်မီကတည်းက ကြိုတင်ကာကွယ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားထု၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် ဌာနဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ဌာနဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် ဖြောင့်မတ်တည်ကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိကြရန်နှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း။

### တက်ကြွစွာဆောင်ရွက်လျက်ရှိ

အလုပ်သမားဝန်ကြီးဌာန၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit– CPU) ကို ၁၅ ဦးဖြင့် ဖွဲ့စည်းထားပြီး ယင်းအဖွဲ့သည် ကော်မရှင်နှင့် ညှိနှိုင်းပူးပေါင်းပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အသိပညာ၊ ဗဟုသုတများကို လေ့လာမှတ်သားပြီး အဂတိလိုက်စားမှု ဖြစ်ပေါ်နိုင်သည့် အကြောင်းအရာများကို ရှောင်ကြဉ်ကြရန်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

### ကောင်းမွန်သည့်အရွေ့တစ်ခုဖြစ်

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အသိပညာပေးခြင်း နည်းလမ်းသည် အခြေခံကျသည့် နည်းလမ်းတစ်ခုဖြစ်သည့်အတွက် ယခုကဲ့သို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အသိပညာပေး ဟောပြောပွဲများ ကျင်းပပြုလုပ်နိုင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် အရွေ့တစ်ခုဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုပုံစံအားလုံးသည် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေကြောင်း ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းဆွေးနွေး

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူးက အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း ဦးဆောင်၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးလွင်ဦး တာဝန်ပြီးဆုံး၍ပြန်လည်ထွက်ခွာမည့် စစ်တွေမြို့အခြေစိုက် အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၀**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ရခိုင်ပြည်နယ် စစ်တွေမြို့ အခြေစိုက် အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် မစ္စတာ ဘီဘေကာနန္ဒာ ဘတ္တာမစ်ရှရာ ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက အိန္ဒိယ ကောင်စစ်ဝန်ချုပ်အနေဖြင့် စစ်တွေမြို့တွင် အခြေစိုက်၍ တာဝန် ထမ်းဆောင်စဉ်ကာလအတွင်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများအတွက် ဂုဏ်ယူပါကြောင်း ပြောကြားပြီး နှစ်နိုင်ငံအကြား သမိုင်းကြောင်းစဉ်လာရှိသည့်ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်း သယ်ယူပို့ဆောင်ရေး စီမံကိန်းနှင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများကို ဆက်လက်ပူးပေါင်း အကောင်အထည်ဖော်သွားရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပြည်တက္ကသိုလ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**ပြည် ဇူလိုင် ၁၀**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပြည်တက္ကသိုလ်၌ ယမန်နေ့နံနက်ပိုင်းက မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲကျင်းပသည်။ **(အောက်ပုံ)**

ဦးစွာ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်က မူးယစ်ဆေးဝါးအန္တရာယ်သည် နိုင်ငံ၏အနာဂတ် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် လူငယ်များအပေါ်မှာ အဓိက ခြိမ်းခြောက်နေကြောင်း၊ လူငယ်တစ်ဦး၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဆိုသည့် ဗလငါးတန်ကို ဖျက်ဆီးတတ်ကြောင်း၊ မူးယစ်ဆေးဝါးသစ်များသည် ပိုပြင်းထန်လာသည့်အလျောက် အသက်အန္တရာယ်ရှိကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်ကို ရှောင်ရှားနိုင်စေရန်ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။



ထို့နောက် ပဲခူးတိုင်းဒေသကြီး အမှတ် (၃၇) မူးယစ်တပ်ဖွဲ့စု(ပြည်)မှ ဒုတိယတပ်ဖွဲ့စုမှူး ဒုရဲမှူး ကျော်လင်းထက်က မူးယစ်ဆေးဝါး သမိုင်းကြောင်းနှင့် ဘိန်းဖြူ၊ ဆေးခြောက်၊ စိတ်ကြွရူးသွပ်ဆေးပြားများအကြောင်း အပါအဝင် မူးယစ်ဆေးဝါးအမျိုးမျိုး၏ ဆိုးကျိုးများအန္တရာယ်အကြောင်းနှင့် မူးယစ်ဆေးဝါးကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာထိခိုက်ပျက်စီးဆုံးရှုံးမှုများအကြောင်းကို ပါဝါပွိုင့်ဖြင့် အသိပညာပေး ဟောပြောဆွေးနွေးသည်။ ယင်းနောက် ဟောပြောဆွေးနွေးချက်များအပေါ် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို စိတ်ဝင်တစား ပြန်လည်မေးမြန်းဆွေးနွေးကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ အသိပညာပေး

**ရန်ကုန် ဇူလိုင် ၁၀**

၂၀၂၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ၊ အခွန်ဆိုင်ရာဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်များ၊ ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများနှင့်စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၈ ရက်က အောင်ဘာလေသိန်းဆုဌာနခွဲ (ထီဖွင့်ပွဲခန်းမ)၌ ကျင်းပသည်။

အခမ်းအနားတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၃) ဌာနမှူးက အမှာစကား ပြောကြားပြီး ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ အခွန်ဆိုင်ရာဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြေစာပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူးများက ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် အထူးကုန်စည်ခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားကာ တက်ရောက်လာကြသော ကုမ္ပဏီအခွန်ထမ်းများက သိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။ **အောင်မြင့်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ဒုတိယအကြိမ် အဆင့်မြင့်ညီလာခံတက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဇူလိုင် ၁၀**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (China International Development Cooperation Agency – CIDCA) ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ဇူလိုင် ၁၁ ရက် မှ ၁၃ ရက်အထိ ကျင်းပမည့် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ဒုတိယအကြိမ် အဆင့်မြင့်ညီလာခံ (Second High – Level Conference of the Forum on Global Action for Shared Development) သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဧရာဝတီတိုင်းဒေသကြီးရှိ ပညာရေးဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများသို့ သွားရောက်၍ အေးချမ်းစွာပညာသင်ကြားနေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပညာရေးကောင်းမွန်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပညာရေးကောင်းမွန်ရန် သင်တန်းသား သင်တန်းသူများသည် အဓိကနေရာမှ ပါဝင်ဆောင်ရွက်ကြရမည့် ဆရာ ဆရာမလောင်းများ ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများကို လိမ္မာယဉ်ကျေးပြီး နိုင်ငံတော်ကို ချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်ရှိရန်နှင့် ယဉ်ကျေးမှုဓလေ့များကို တန်ဖိုးထားတတ်စေရန် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမ အလုပ်သည် စေတနာပရဟိတ အလုပ်ဖြစ်သည့်အတွက် စေတနာထားပြီး သင်ကြားပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြောင်းမြမြို့နယ် ဂုန်နီကျေးရွာ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းသား ကျောင်းသူများ စာသင်ခန်းအတွင်း အေးချမ်းစွာ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုကာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက် ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန် ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြောင်းမြမြို့နယ် သိလ္လာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၊ ရေတွင်းရေကန်ကျေးရွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့သို့ ရောက်ရှိကြပြီး ကျောင်းဥပစာရိပ် ကောင်းမွန်ရေး ဆောင်ရွက်ထားမှု အခြေအနေများ၊ ကျောင်းသား ကျောင်းသူများအေးချမ်းစွာပညာသင်ကြားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု အားပေးပြီး KG တန်း၊ မူလတန်းနှင့် အလယ်တန်း ကျောင်းသား ကျောင်းသူများအတွက် ကျောပိုးလွယ်အိတ်များ၊ ဗလာစာအုပ်များ၊ ကျောင်းသုံး စာရေးကိရိယာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြောင်းမြမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ၌ မြောင်းမြမြို့ရှိ မြို့နယ်ပညာရေးမှူး၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံကာ ကျောင်းအုပ်ကြီးများ အနေဖြင့် ကျောင်းဆောင်များ ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံရာတွင် လေလွင့်ဆုံးရှုံးမှုမရှိစေရန် စနစ်တကျ ကြီးကြပ်ရေး၊ ကျောင်းများ၌ ရေသန့်စက်နှင့် ရေလုံလောက်မှုရှိစေရေး၊ သန့်စင်ခန်းများ လုံလောက်မှုရှိစေရေး၊ ကျောင်းပတ်ဝန်းကျင်လုံခြုံစေရန် ခြံစည်းရိုးများ စနစ်တကျ ကာရံရေးတို့ကို မှာကြားကာ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြောင်းမြမြို့ ဘုရားချောင်း အခြေခံပညာ မူလတန်း (လွန်) ကျောင်းသို့ ရောက်ရှိပြီး ကျောင်းဥပစာရိပ်ကောင်းမွန်ရေး ဆောင်ရွက်ထားမှု အခြေအနေနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေး၍ KG တန်း ကျောင်းသား ကျောင်းသူများအတွက် ကျောပိုးလွယ်အိတ်များ ပေးအပ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပုသိမ်မြို့ ပညာရေးဒီဂရီကောလိပ်၊ ပုသိမ်မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မြက်တို၊ အမှတ်(၉)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတို့သို့ ရောက်ရှိကြပြီး ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းဥပစာရိပ်များကောင်းမွန်ရေး၊ ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာရေး၊ ကျောင်းတွင်း မုန့်ဆိုင်တန်းများ သန့်ရှင်းသပ်ရပ်ရေး ကိစ္စရပ်များကို မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ကူညီရွှေ့ပြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေ မြင့်တက်ကာ ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နယ်မြေခံ တပ်မတော်သားများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ခန္တီးမြို့နယ် မြို့မရပ်ကွက်၊ မြသိန်းတန်ဘုရားနှင့် ပေါမိုင်းရပ်ကွက်၊ ဘုန်းတော်ကြီးကျောင်း တို့ရှိ ရေဘေးသင့် ပြည်သူများအား ရေဘေးလွတ်ရာ ကယ်ဆယ်ရေး စခန်းများသို့ ကူညီရွှေ့ပြောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၀**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နေ့စဉ်အချိန်နဲ့အမျှ ဘဏ်တွေရဲ့ ငွေသွင်း/ ငွေထုတ်အပ်နှံငွေ အခြေအနေတွေကို စောင့်ကြည့်ထိန်းကျောင်းနေတာကြောင့် ပြည်သူတွေအနေနဲ့ ကောလာဟလအပေါ် နားမယောင်ကြဖို့ ပြောကြားလိုပါတယ်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်**

လက်ရှိအခြေအနေတွင် ပုဂ္ဂလိကဘဏ်များ၌ ငွေထုတ်ယူမှုများပြားလာပြီး ငွေသားထုတ်ယူမှုကိုလည်း ကန့်သတ်နေကာ အကန့်အသတ်ဖြင့်သာ ငွေထုတ်ပေးနေကြောင်း စသည့်အကြောင်းအရာများနှင့်ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်သတင်းများ ဖြစ်ပေါ်လျက်ရှိရာ ယင်းသတင်းများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး။ ။ လူမှုကွန်ရက်စာမျက်နှာတွေမှာ ပုဂ္ဂလိကဘဏ်တွေမှာ ငွေထုတ်ယူမှုများပြားလာတယ်၊ ငွေသားထုတ်ယူမှုကိုလည်း ကန့်သတ်နေတယ်၊ ပုဂ္ဂလိကဘဏ်တွေက အကန့်အသတ်နဲ့သာ ငွေထုတ်ပေးနေတယ် စသဖြင့်ရေးသားဖော်ပြ ပြောဆိုနေတာကို တွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဗဟိုဘဏ်အနေနဲ့ ရှင်းလင်းပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ ဗဟိုဘဏ်အနေနဲ့ အစိုးရရဲ့ ဒစ်ဂျစ်တယ်စီးပွားရေးကို အကောင်အထည်ဖော်ရာမှာ ဒစ်ဂျစ်တယ်ငွေပေးချေမှုကို ပိုမိုအလေးပေးအကောင်အထည်ဖော်နေပြီး ငွေသားစီမံခန့်ခွဲမှုအစီအစဉ်တွေအတိုင်း Digital Platform တွေ တည်ဆောက်ထားပါတယ်။ ဘဏ်တွေက Payment Platform တွေ တည်ဆောက်နေပြီး လက်ရှိမှာလည်း အဆင်ပြေစွာ ဆောင်ရွက်လျက်ရှိပါတယ်။



မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်

နိုင်ငံတကာငွေပေးချေမှုမှာလည်း ဘဏ်တွေကတစ်ဆင့် ဆောင်ရွက်နိုင်ရေး အလေးပေး ဆောင်ရွက်လျက်ရှိပါတယ်။ ဘဏ်တွေအနေနဲ့ သတ်မှတ်စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ငွေသားထုတ်ယူခွင့်ပြုနိုင်ဖို့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ယခင်ကတည်းက အကြိမ်ကြိမ် ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ဥပမာ– Special Account ဖြစ်ရင် ငွေသားထည့်သွင်းခဲ့တဲ့ ပမာဏအတိုင်း ထုတ်ယူခွင့်ပြုထားပါတယ်။ ဒါ့အပြင် ငွေပေးချေမှုတွေ လျင်မြန်စွာ အဆင်ပြေနိုင်စေဖို့အတွက် ဒစ်ဂျစ်တယ်ငွေပေးချေမှု နည်းလမ်းတွေဖြစ်တဲ့ Electronic Card တွေ၊ ဘဏ်တွေရဲ့ မိုဘိုင်းဘဏ်လုပ်ငန်းနဲ့ Mobile Pay တွေ၊ Internet ဘဏ်လုပ်ငန်းတွေ၊ Mobile Wallet တွေအသုံးပြုပြီး ငွေလွှဲပြောင်းပေးချေမှုတွေ ဆောင်ရွက်နိုင်ပါတယ်၊ လက်ရှိမှာလည်း အဆင်ပြေစွာ ဆောင်ရွက်နိုင်ဖို့ စီစဉ်ထားပါတယ်။ ဒါကြောင့် ငွေပေးချေမှုတွေနဲ့ ငွေကြေးလွှဲပြောင်းခြင်းတွေအတွက် အကန့်အသတ်မရှိ ဆောင်ရွက်နိုင်ပြီး စိုးရိမ်ပူပန်မှု မရှိကြဖို့ ပြောကြားလိုပါတယ်။

> ❖ **ငွေပေးချေမှုတွေ လျင်မြန်စွာ အဆင်ပြေနိုင်စေဖို့အတွက် ဒစ်ဂျစ်တယ်ငွေပေးချေမှု နည်းလမ်းတွေဖြစ်တဲ့ Electronic Card တွေ၊ ဘဏ်တွေရဲ့ မိုဘိုင်းဘဏ်လုပ်ငန်းနဲ့ Mobile Pay တွေ၊ Internet ဘဏ်လုပ်ငန်းတွေ၊ Mobile Wallet တွေ အသုံးပြုပြီး ငွေလွှဲပြောင်းပေးချေမှုတွေ ဆောင်ရွက်နိုင်ပါတယ်**

**မေး။ ။ လက်ရှိအခြေအနေမှာ ပြည်ဖျက်မီဒီယာတွေရဲ့ အမျိုးမျိုးသော သွေးထိုးလှုံ့ဆော်ရေးသားမှုတွေကြောင့် ပြည်သူတွေ စိုးရိမ်ပူပန်မှုဖြစ်ပြီး ဘဏ်တွေက ငွေသားထုတ်ယူနေကြတာတွေ့ရှိရပါတယ်။ ဗဟိုဘဏ်အနေနဲ့ စီစဉ်ထားရှိမှုကို သိလိုပါတယ်၊ ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ လက်ရှိအခြေအနေမှာ ပြည်ဖျက်မီဒီယာတွေရဲ့ အမျိုးမျိုးသော သွေးထိုးလှုံ့ဆော်ရေးသားမှုတွေကြောင့် ပြည်သူတွေ စိုးရိမ်ပူပန်မှုဖြစ်ပြီး ဘဏ်တွေက ငွေသားထုတ်ယူနေကြတယ်။ မသမာတဲ့ စီးပွားရေးသမားတွေက ဒေါ်လာဈေး၊ ရွှေဈေး၊ ဟွန်ဒီ ဈေးကစားမှုတွေကြောင့် ပိုမိုစိုးရိမ်မှုဖြစ်လာပြီး ငွေသားထုတ်ယူခြင်း၊ ငွေကြေးမတည်မငြိမ် ဖြစ်ခြင်းကတစ်ဆင့် ကုန်ဈေးနှုန်း မတည်ငြိမ်မှုကိုဖြစ်ပေါ်စေပြီး ကိုယ်ကျိုးစီးပွားရှာနေကြတာကို တွေ့ရှိနေရပါတယ်။

ပြည်ပနိုင်ငံအသီးသီးမှာ ငွေသားကိုင်တွယ်မှုကို လျှော့ချပြီး လုံခြုံစိတ်ချရတဲ့ ဒစ်ဂျစ်တယ် ငွေပေးချေမှုနည်းလမ်းများနဲ့သာ ပေးချေ ဆောင်ရွက်လျက်ရှိကြပါတယ်။ ငွေသားကိုင်တွယ်ခြင်းကြောင့် ငွေကို ရေတွက်စစ်ဆေးရပြီး ထိန်းသိမ်းရခြင်းအပြင် ရေ၊ မီး အန္တရာယ်၊ ခိုးသူ၊ လုယက်သူအန္တရာယ်တွေ ကြုံတွေ့ရနိုင်ပါတယ်။ ဒါ့အပြင် ငွေသားထုတ်ယူမှုများပြီး မလိုလားအပ်တဲ့ ငွေကြေးဖောင်းပွမှုဖြစ်ပြီး ကုန်သွယ်မှုမတည်မငြိမ်ဖြစ်ခြင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနဲ့ ကုန်ဈေးနှုန်း ကစားသူတွေကြောင့် ပြည်သူတွေအနေနဲ့ ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ခံစားနေကြရပါတယ်။ ဒါ့ကြောင့် အဆိုပါ မသမာမှုဆောင်ရွက်သူတွေ၊ ဈေးကစားသူတွေကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတွေက စိစစ်အရေးယူ ဆောင်ရွက်မှုတွေ လုပ်ဆောင်လျက်ရှိပါတယ်။

**မေး။ ။ ဗဟိုဘဏ်ရဲ့ သတင်းထုတ်ပြန်ချက်တွေမှာ ငွေထုတ်ကန့်သတ်ချက်မထားရှိဘဲ ငွေသားထုတ်ပေးခြင်းတွေကို ဆောင်ရွက်ထားရှိတယ်လို့ ပါရှိပေမယ့် လက်တွေ့သွားရောက်ထုတ်ယူတဲ့အခါမှာ အချို့ပုဂ္ဂလိကဘဏ်တွေက ကန့်သတ်ချက်နဲ့ ထုတ်ပေးနေတဲ့အတွက် ဒီအပေါ်မှာ ပိုပြီးရှင်းလင်းအောင် ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ ဒီမေးခွန်းနဲ့ပတ်သက်လို့ ရှေ့ပိုင်းမှာလည်း ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ မိမိအပ်နှံထားတဲ့ အပ်နှံငွေအမျိုးအစားပေါ်မူတည်ပြီး ငွေထုတ်ယူရာမှာ ကွဲပြားမှုရှိနိုင်ပါတယ်။ Special Account ဆိုရင် မိမိငွေသားထည့်သွင်းခဲ့တဲ့ ပမာဏအတိုင်း ငွေသား ထုတ်ယူနိုင်ပါတယ်။ ငွေစုဘဏ်စာရင်း Saving Account ဆိုရင် တစ်ပတ် တစ်ကြိမ် ငွေထုတ်ယူနိုင်ပါတယ်။ စာရင်းသေအပ်ငွေ Fix Deposit ဆိုရင် သက်တမ်းပြည့်တဲ့ အချိန်မှသာ ငွေထုတ်ယူနိုင်မှာဖြစ်ပါတယ်။ Saving Account အပါအဝင် အပ်ငွေစာရင်း အဟောင်းတွေနဲ့ပတ်သက်ပြီး ဘဏ်ကနေ ငွေထုတ်ယူရာမှာ ၂၀၂၂ ခုနှစ် ဧပြီလက မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ခဲ့တဲ့ ငွေသားစီမံခန့်ခွဲမှုအဆင်ပြေစေရေး သတ်မှတ်ချက်ပါအတိုင်း ငွေသားထုတ်ယူမှုအပြင် ပြည်သူတွေအနေနဲ့ ဒစ်ဂျစ်တယ်နည်းလမ်းတွေဖြစ်တဲ့ Mobile ဘဏ်လုပ်ငန်း၊ Internet ဘဏ်လုပ်ငန်း၊ Account Transfer တွေနဲ့ ဘဏ်ဝန်ဆောင်မှုများကို အကန့်အသတ်မရှိ ဆောင်ရွက်နိုင်ပါတယ်။

အထူးထပ်မံပြောကြားလိုတာကတော့ ပြည်သူတွေအနေနဲ့ Digital နည်းလမ်းတွေကို အသုံးပြုပြီး ငွေကြေးလွှဲပြောင်းမှုတွေ၊ သုံးစွဲမှုတွေကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**မေး။ ။ ဗဟိုဘဏ်အနေနဲ့ ဘဏ်တွေအပေါ် ထိန်းကျောင်းဆောင်ရွက်လျက်ရှိတဲ့ အခြေအနေတွေကို ဖြည့်စွက်ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ ဗဟိုဘဏ်အနေနဲ့ ဘဏ်တွေရဲ့ လိုအပ်ချက်ငွေသားများကို လုံလောက်စွာ ဖြည့်ဆည်းထုတ်ပေးလျက်ရှိပါတယ်။ ဘဏ်တွေအနေနဲ့လည်း ငွေလာရောက်ထုတ်ယူသူတွေကို ဘဏ်မှာ သိုလှောင်နိုင်တဲ့ ငွေသားပမာဏအတွင်း သတ်မှတ်ချက်များနဲ့အညီ ဆောင်ရွက်ထုတ်ပေးလျက်ရှိနေပါတယ်။ ယခင်အတွေ့အကြုံများအရ ကောလာဟလတွေကြောင့် ပြည်သူတွေက ဘဏ်တွေကငွေတွေ စုပုံထုတ်ယူခြင်းကို ဗဟိုဘဏ်က ကောင်းမွန်စွာ စီမံထိန်းကျောင်းနိုင်ခဲ့ပြီး၊ ဘဏ်ရဲ့ ဝန်ဆောင်မှုတွေ အဆင်ပြေစွာ လည်ပတ်နိုင်ခဲ့ပါတယ်။ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နေ့စဉ်အချိန်နဲ့အမျှ ဘဏ်တွေရဲ့ ငွေသွင်း/ ငွေထုတ်အပ်နှံငွေ အခြေအနေတွေကို စောင့်ကြည့်ထိန်းကျောင်းနေတာကြောင့် ပြည်သူများအနေနဲ့ ကောလာဟလအပေါ် နားယောင်နေဖို့၊ စိုးရိမ်ပူပန်နေဖို့ မလိုအပ်ဘဲ ယုံကြည်စွာနဲ့ အများပြည်သူအကျိုးကိုကြည့်ပြီး ပူးပေါင်းဆောင်ရွက်သွားဖို့ ပြောကြားလိုပါတယ်။** ။

**တွေ့ဆုံမေးမြန်း - သတင်းအဖွဲ့**

## လယ်ကွင်းအတွင်းတွေ့ရှိသော မိကျောင်းအားဖမ်းဆီး၍ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ ပြန်လည်လွှတ်နိုင်ရန် စီစဉ်ဆောင်ရွက်

**ဘိုကလေး ဇူလိုင် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၏ တောင်ဘက်ခြောက်မိုင်အကွာတွင်ရှိသော ပိုက်စလကျေးရွာအုပ်စုရှိ လယ်ကွင်းအတွင်း၌ မိကျောင်းတစ်ကောင်ဝင်ရောက်နေသည်ကို ဇူလိုင် ၉ ရက်တွင် တွေ့ရှိသဖြင့် ကျေးရွာတာဝန်ရှိသူများက မြို့နယ်၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဦးစီးဌာနသို့ အကြောင်းကြားခဲ့ရာ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေး ဦးစီးဌာန မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးစိုင်းဝဏ္ဏကြည်နှင့် ဝန်ထမ်းများ သွားရောက်၍ ဒေသခံများနှင့် ပူးပေါင်းကာ လယ်ကွင်းအတွင်း တွေ့ရှိသော မိကျောင်းကို တုပ်နှောင်ဖမ်းဆီး၍ မြို့နယ် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဦးစီးဌာနသို့ ခေါ်ဆောင်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးခဲ့သော မိကျောင်းမှာ အသက် (၂၇) နှစ်အရွယ် အရှည် ၁၀ ပေရှိ မိကျောင်းအမဖြစ်ပြီး ယခုအချိန်ကာလသည် မိကျောင်းများ အသိုက်ပြုလုပ်တတ်သည့် အချိန်ဖြစ်သောကြောင့် ပိုက်စလကျေးရွာရှိ လယ်ကွင်းအတွင်း၌ အသိုက်ပြုလုပ်ရန် တက်ရောက်ခိုနားခြင်း ဖြစ်နိုင်ကြောင်းနှင့် ယင်းမိကျောင်းကို တာဝန်ရှိသူများက ဒီရေထချိန်သို့ စောင့်၍ မိကျောင်းများကျင်လည်ရာ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသို့ ပြန်လွှတ်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**



# အာဇာနည်နေ့မှာ ပြန်ပြောင်းအမှတ်ရဆင်ခြင်စရာ . . .

ငြိမ်းချမ်းအောင်




သည်နှစ် ရန်ကုန်မှာ မိုးကောင်းသည်။ မြန်မာပြည်၏ မုတ်သုံရာသီထုံးစံအတိုင်း ဝဠာတစ်ခွင်လုံး အုံ့မှိုင်းလို့ နေသည်။ မိုးက တစိမ့်စိမ့်၊ တစွေစွေ၊ ရံဖန်ရံခါ သဲသဲမဲမဲ။ လွမ်းစရာ ရာသီဖြစ်ပါသည်။

ဤလ ဤရာသီခါသမယအတွင်းမှာပင် မြန်မာ့နိုင်ငံရေးသမိုင်းတွင် မိုးသက်မုန်တိုင်းကြီးတစ်ခု ကျရောက်ခဲ့ပါသည်။ အကြမ်းဖက်ဝါဒကို လက်ကိုင်ထားခဲ့သော အကြမ်းဖက်သမားတို့၏ လက်ချက်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ကြရသည်။ ယခု ၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်ဆိုလျှင် ၇၇ နှစ်တိုင်ခဲ့ပြီ။ သို့တစေ မြန်မာတစ်ပြည်လုံး ဝမ်းနည်းလို့မဆုံး။ မျိုးဆက်အလီလီ လွမ်းလို့မဆုံးနိုင် ဖြစ်ခဲ့ကြရသည်။

ဆရာကြီးမောင်ထင်က **"ဗမာ့နိုင်ငံရေးသုခမိန်"** ဆောင်းပါးတွင် **"ဗိုလ်ချုပ်ဆုံးသောနေ့၌ ကျွန်တော်သည် မိုးရွာထဲတွင် မော်တင်လမ်းမှသည် အသံလွှင့်ရုံသို့ တကိုယ်တည်း ခြေလျှင် လျှောက်ပြန်ရင်း၊ တောင်မြောက်လေးပါးတို့ကို တွေးမိသည်။ ကျွန်တော်၏ ညီငယ်သည် သစ္စာဖောက်သော ဗမာတစ်ယောက်၏ လက်ချက်ကြောင့် ဂျပန်အသတ်ခံရသည်။ သတ်သူမှာ ဂျပန်ဖြစ်သောကြောင့် တော်ပါသေး၏။ ဗိုလ်ချုပ်သည် သစ္စာဖောက်သော ဗမာတစ်ယောက်၏ လက်ချက်ကြောင့် ဗမာအသတ်ခံရသည်။ ဩော် ချစ်လိုက်ရတဲ့ အမျိုး။ သည်အမျိုးကိုမှ ချစ်မိရပလေ။ ယခုနေအခါ ဗိုလ်ချုပ်ကိုနှိုး၍ ရလျှင် နှိုးပြီး မေးလိုက်ချင်စမ်းသည်။ အမျိုးကို ချစ်သေးသလား။**

**မမေးနှင့်တော့၊ မမေးနှင့်တော့။ ဗိုလ်ချုပ်နိုးလာလျှင် 'ချစ်သေးတယ်'ဟူ၍ပင်လျှင် ဖြေဦးမည်"**ဟူ၍ မချိတင်ကဲ ရေးသားခဲ့ပါသည်။

### မသမာသူ လူတစ်စု၏ လုပ်ကြံမှုကြောင့်ပင် ကျဆုံးခဲ့ရခြင်းဖြစ်

မှန်ပါသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ကိုလိုနီနယ်ချဲ့ ဗြိတိသျှအစိုးရ၏ နောက်ကွယ်မှ ကြိုးကိုင်စီမံမှုမှတစ်ဆင့် အာဏာကို မက်မောသော၊ မနာလိုမရှုဆိတ်သော၊ ရန်ငြိုးအာဃာတကြီးမားသော ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံသား မသမာသူ လူတစ်စု၏ လုပ်ကြံမှုကြောင့်ပင် ကျဆုံးခဲ့ရခြင်းဖြစ်သည်။

နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို မတတ်သာ၍ လွတ်လပ်ရေးပေးရတော့မည် ဖြစ်သော်လည်း တောင်တန်းဒေသများကို ချန်လှပ်ထားလို၍ ပင်လုံကွန်ဖရင့်အထိ နိုင်ငံရေးအရ ခြေရှုပ်မှုများ၊ ခြေထိုးမှုများကို အစွမ်းကုန်လုပ်ဆောင်ခဲ့ကြသည်။ ၁၉၄၄ ခုနှစ် မဟာမိတ်တပ်များ မြန်မာပြည်သို့ ပြန်လည်သိမ်းပိုက်နိုင်တော့မည်ဟု ယုံကြည်ကတည်းက ဘိလပ်အစိုးရ၏ မြန်မာပြည်ဆိုင်ရာအတွင်းဝန် အေမာရီက **"မြန်မာပြည်ကိုပြန်လည်သိမ်းပိုက်ပြီးနောက် လွတ်လပ်ရေးပေးရသော အခြေအနေသို့ရောက်သော်လည်း ဗြိတိသျှအင်ပါယာ၏ စီးပွားရေးအရ ကြည့်သည်ဖြစ်စေ၊ ကာကွယ်ရေးဘက်မှ ကြည့်သည်ဖြစ်စေ တောင်တန်းနယ်ဒေသကို ဗြိတိသျှလက်အောက်၌ အနှစ်သုံးဆယ်မျှလောက် ထားပြီးမှဖြစ်မည်။ ထိုတောင်တန်းသားများသည် မြန်မာများကဲ့သို့ မဟုတ်။ ဗြိတိသျှကထိန်းသိမ်းထားရန် အမှန်လိုအပ်ပေသေးသည်"**ဟု အစရှိသော သဘောထားပါသည့် အတွင်းစာတစ်စောင်ကို အိန္ဒိယပြည်တွင်ရှိသော မြန်မာပြည်ဘုရင်ခံ ဆာဒေါ်မန်စမစ်ထံ ရေးသားပေးပို့ခဲ့လေသည်။

စစ်ပြီးခေတ် နယ်ချဲ့စနစ်(ဝါ) ခေတ်သစ်ကိုလိုနီနယ်ချဲ့စနစ်သည် ရှေးကကဲ့သို့ နယ်ချဲ့သမားများ ကိုယ်တိုင် ကိုလိုနီနိုင်ငံများတွင် တိုက်ရိုက်ဝင်ရောက်အုပ်ချုပ်သောစနစ် မဟုတ်တော့ဘဲ မိမိတို့ကြိုးဆွဲရာကမည့် အစိုးရများရရှိအောင် ဆောင်ရွက်ပေးသော စနစ်သာ ဖြစ်ပေသည်။ နယ်ချဲ့ဗြိတိသျှတို့သည်လည်း မြန်မာပြည်ကို လွတ်လပ်ရေးမပေးလျှင် မဖြစ်တော့ကြောင်းသိသည့်အတိုင်း တစ်ဖက်တွင်လည်း လွတ်လပ်ရေးပေးရန် သဘောတူ၍ အခြားတစ်ဖက်တွင် လွတ်လပ်စမြန်မာနိုင်ငံတွင် မိမိတို့ ဩဇာခံမည့်အစိုးရမျိုး (ဝါ) မိမိတို့ကိုအကျိုးပြုမည့် ရုပ်သေးအစိုးရမျိုးကို လိုချင်ခဲ့ကြသည်။

သို့အတွက် နယ်ချဲ့သမားသည် ကိုယ်ကျိုးမဖက်သော၊ တိုးတက်သော နိုင်ငံရေးအယူအဆရှိသော ဗိုလ်ချုပ်အောင်ဆန်းကို မလိုလားခဲ့ချေ။ ဗိုလ်ချုပ်သာ ဆက်လက်တည်ရှိနေပါက အရင်းရှင်နယ်ချဲ့သမားများအဖို့ လွတ်လပ်စမြန်မာနိုင်ငံတွင် ဆက်လက်ကုပ်သွေးစုပ်နိုင်တော့မည် မဟုတ်၍ ဗိုလ်ချုပ်ကို ဖယ်ရှားပစ်ရန် နောက်ကွယ်မှ ကြိုးပမ်းကြံစည်ခဲ့ကြလေသည်။

သို့ရာတွင် နယ်ချဲ့သမားသည် ပရိယာယ်အရာတွင် အလွန်ပါးနပ်လိမ္မာ ကျွမ်းကျင်သူများပီပီ ဗိုလ်ချုပ်အောင်ဆန်းကို ကိုယ်တိုင်သုတ်သင် ရှင်းလင်းခြင်းမပြုဘဲ သုတ်သင်ရှင်းလင်းပေးမည့် အမျိုးသားသစ္စာဖောက် လက်ပါးစေများကို ရှာခဲ့လေသည်။

တိုင်းပြုပြည်ပြုလွှတ်တော်ကျင်းပ၍ အလုပ်များနေချိန်တွင် ဆိုရှယ်လစ်ပါတီနှင့် ပြည်သူ့ရဲဘော်များက ဂဠုန်ဦးစောနှင့်ပတ်သက်၍ လှုပ်ရှားမှုများကို အဆက်မပြတ် တင်ပြလာကြသည်။ **"ဂဠုန်ဦးစောသည် အင်္ဂလိပ်အရာရှိကြီးတစ်ဦးနှင့် အဆက်အသွယ် ပြုလုပ်လျက်ရှိသည်။ နယ်မှ ၎င်း၏ လက်ပါးစေ လူငယ်များကို ရန်ကုန်သို့ခေါ်ယူ၍ လျှို့ဝှက်လက်နက်သင်တန်း၊ နိုင်ငံရေးသင်တန်းများ ပေးလျက်ရှိသည်။ ဖဆပလထိပ်တန်းခေါင်းဆောင်များကိုလုပ်ကြံ၍ ဆူပူမှုများ ဖန်တီးမည့်လက္ခဏာရှိသည်"**ဟု ဖော်ပြကြသည်။

ဖဆပလနှင့် ဆိုရှယ်လစ်ပါတီမှ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးဗဆွေက ထိုသတင်းများမှာ အရေးကြီးသည်ဟု ယူဆသည့်အတိုင်း ဗိုလ်ချုပ်ကိုလည်းကောင်း၊ ဦးနုကိုလည်းကောင်း တစ်ဦးချင်း တင်ပြသည်။ အလုပ်အမှုဆောင်အဖွဲ့တွင်လည်း အစီရင်ခံသည်။ သို့သော် ပုဂ္ဂိုလ်ခပ်များများက အလေးအနက် သဘောမထားခဲ့ကြချေ။ ဗိုလ်ချုပ်ကိုယ်တိုင်ကလည်း **"ဒီသတင်းတွေ မဖြစ်နိုင်ဘူး။ ခင်ဗျားလူတွေ သတင်းမရှိ သတင်းလုပ်ကြံပေးကြတာဖြစ်မှာပဲ"**ဟု ခါးခါးသီးသီးဆိုခဲ့သည်။

သို့သော် ကျားငစဉ်းလဲ နယ်ချဲ့သမားသည် ၎င်းတို့၏ မူလအစီအစဉ်အတိုင်း နောက်ကွယ်မှ ပိပိရိရိဖြင့် ကြံစည်လုပ်ဆောင်ခဲ့ကြသည်။ ၁၉၄၆ ခုနှစ် ဩဂုတ်လတွင် အင်္ဂလိပ်စစ်တပ်မှ လက်နက်ကိုင် ဗမာပုလိပ်အဖွဲ့၊ လက်နက်ဌာနသို့ တာဝန်လွှဲပြောင်းပေးပို့ခြင်းခံရသူ ကပ္ပတိန် Vivian သည် စောစောပိုင်းတွင် ဖိုက်ချ်လမ်း အရာရှိရိပ်သာ တိုက်ခန်းတစ်ခန်းတွင် နေထိုင်နေရာမှ အင်္ဂလန်မှ လိုက်လာသော သူ့မိန်းမနှင့် နေထိုင်ရန်ဟု အကြောင်းပြ၍ အေဒီလမ်းရှိ ဦးစော၏ အိမ်အနီးသို့ ပြောင်းရွှေ့လာခဲ့သည်။ မကြာမီ အိမ်ရှာဖွေစဉ်က တွေ့ဆုံသိကျွမ်းခဲ့သူ မေဂျာ Young ကလည်း သူ့မိန်းမရောက်လာ၍ အိမ်မရသေးခင်စပ်ကြား ကပ္ပတိန် Vivian အိမ်၌ ခေတ္တနေထိုင်ရန် ရောက်ရှိလာပြန်သည်။

### လက်နက်ထုတ်ရန် လက်မှတ်အတုများဖြင့် ပုံစံများကို ဖြည့်ခိုင်းစေခဲ့

ထို့နောက်မှာတော့ မေဂျာ Young က ဦးစောက သူ့အသက်အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရန် လက်နက်လိုသည်ဟူသော တောင်းဆိုမှုအရ ကပ္ပတိန် Vivian အား လက်နက်ရှာခိုင်းလေတော့သည်။ ကပ္ပတိန် Vivian ကလည်း သဘောတူ၍ လက်နက်ထုတ်ရန် တံဆိပ်နှိပ်ပြီး ပုံစံများကို ဦးစောအိမ်သို့ယူဆောင်၍ လက်မှတ်အတုများဖြင့် ပုံစံများကို ဖြည့်ခိုင်းစေခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လဆန်းခန့်တွင် ဦးစော၏ လက်ပါးစေ ဘညွန့်နှင့် မောင်စိန်တို့သည် ပုလိပ်အယောင်ဆောင်ကာ အပေါင်းပါများနှင့်အတူ နံပါတ်အတု တပ်ဆင်ထားသော ၃ တန်ထရပ်ကားဖြင့် လက်နက်တိုက်မှ ဘရင်းဂန်းသေနတ်အလက် ၂၀၀ နှင့် ပြောင်းပိုများ၊ ကျည်ဆန်များကို ထုတ်ယူခဲ့ကြသည်။

၁၅-၇-၁၉၄၇ ရက်နေ့ထုတ် ဗမာ့ခေတ်သတင်းစာတွင် ထိုသတင်းကိုအကျယ်တဝင့် ဖော်ပြခဲ့ရာ မူလက ဂဠုန်ဦးစောတို့လူသိုက် အကြံပက်ပက်စက်စက်ကြံစည်နေသည်ဟု သတင်းပေးစဉ်က မယုံမကြည် ခါးခါးသီးသီးဖြစ်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းက **"ကိုဗဆွေ၊ ခင်ဗျား သတင်းမှန်နေပြီထင်တယ်"**ဟု ပြောကြားခဲ့သည်ကို ကြားယောင်မိသေးသည်ဟု ဦးဗဆွေက **"မိုးသက်မုန်တိုင်းကျသည့်နေ့"**ဆောင်းပါးတွင် ပြန်ပြောင်းရေးသားခဲ့ပေသည်။

ဗိုလ်ချုပ်၏အစ်ကို ဝန်ကြီး ဦးဘဝင်းကလည်း ဦးစောတို့လူစု ဘရင်းဂန်းအလက် ၂၀၀ ခိုးထုတ်သွားသည်ဟု သတင်းစာများတွင် ပါလာသောအခါ

*စာမျက်နှာ ၁၁ သို့*

- **၇၇ နှစ်တိုင်ခဲ့လေပြီ။ မျက်မှောက်ကာလတွင်လည်း ကိုလိုနီနယ်ချဲ့လက်ဟောင်း၊ လက်သစ်တို့သည် မြန်မာ့နိုင်ငံရေးတွင် နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက်စွက်ဖက် နှောင့်ယှက်နေဆဲပင်။ နယ်ချဲ့လက်ဟောင်းက မစားရသည့်အမဲ သဲနှင့်ပက်နေသလို ကိုလိုနီနယ်ချဲ့လက်သစ်များကလည်း ပထဝီနိုင်ငံရေးအရ အရေးပါသော မြန်မာနိုင်ငံတော်ကြီးတွင် ၎င်းတို့ ဩဇာခံကြိုးဆွဲရာကမည့် အစိုးရမျိုး မရမချင်း အိမ်ကြက်ချင်း အိုးမဲသုတ်၍ ခွပ်ခိုင်းစေပြီး မြန်မာပြည်ကြီးပျက်စီးရာပျက်စီးကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားရာပျက်ပြားကြောင်း နောက်ကွယ်မှ အစွမ်းကုန်သွေးထိုးလှုံ့ဆော် ဖန်တီးလုပ်ဆောင်နေကြဆဲပင်**
- **သို့ဖြင့် ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် သမိုင်းသင်ခန်းစာအရ ကိုလိုနီနယ်ချဲ့ လက်ဟောင်းလက်သစ်တို့၏ သွေးထိုးလှုံ့ဆော်မှုများကို အလေးအနက် သတိပြုဆင်ခြင်**

**“ဗိုလ်ချုပ်၏ နောက်ဆုံးမိန့်မှာချက်များကိုလည်းကောင်း အမှတ်ရ၍ သမိုင်းသင်ခန်းစာအဖြစ်ရယူပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးအမြတ်ထား၍ နိုင်ငံတော်ကြီး အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုစုစည်းစည်း ညီညီညွတ်ညွတ်၊ ဦးထမ်းပဲ့ထမ်း ကြိုးပမ်းလုပ်ဆောင်”**

*စာမျက်နှာ ၁၀ မှ*

**“များလွန်းလှတယ်ကွာ၊ ဟုတ်နိုင်မယ် မထင်ပါဘူး”**ဟု သူ့၏ညီတစ်ဦးဖြစ်သူ ဦးအောင်သန်းကို ပြောလေသည်။

ဤသို့ဖြင့် **“သီလျက်ကယ်၊ ဝိပါက်ရယ် ကြမ္မာငင်တော့”**ဟူသည့်အတိုင်း မြန်မာ့နိုင်ငံရေးသမိုင်းတွင် အရှက်ရဖွယ်ရာ အကျည်းတန် အရုပ်ဆိုးစေခဲ့သော ယူကျုံးမရဖြစ်ရပ်ဆိုးကြီး ပေါ်ပေါက်လာပါတော့သည်။

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော အစိုးရအဖွဲ့ဝန်ကြီးများ ရန်ကုန်မြို့ အတွင်းဝန်ရုံးတွင် အစည်းအဝေးပြုလုပ်နေခိုက် နယ်ချဲ့သမားနှင့် ပြည်တွင်းသစ္စာဖောက်တို့၏ လက်ချက်ဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဝန်ကြီးများဖြစ်ကြသော သခင်မြ၊ မန်းဘခိုင်၊ ဦးရာဇတ်၊ ဦးဘဝင်းနှင့် အတွင်းဝန်ဦးအုန်းမောင်၊ ဦးရာဇတ်၏ သက်တော်စောင့်ရဲဘော် ကိုထွေးတို့မှာ ပွဲချင်းပြီး ကျဆုံးခဲ့ကြရပြီး ဝန်ကြီး ဒီးဒုတ်ဦးဘချို့နှင့် မိုင်းပွန်စော်ဘွားကြီးတို့မှာ ဆေးရုံရောက်မှ အသက်ပျောက်ခဲ့ရရှာသည်။

**တရားဥပဒေအတိုင်း မိုက်ပြစ်ကိုခံခဲ့ကြရ**

နယ်ချဲ့သမားတို့၏အလိုကျ ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့ကြသော ဦးစောနှင့် လက်ပါးစေအပေါင်းပါများသည်လည်း တရားဥပဒေအတိုင်း မိုက်ပြစ်ကိုခံခဲ့ကြရပါသည်။ မေလ ၁ ရက်နေ့ထုတ် အိုးဝေသတင်းစာ၏ **“ဤမိုး ဤမြေ”** အခန်းတွင် သတင်းစာဆရာကြီး အိုးဝေညိုမြက မောင်သုမန ကလောင်အမည်ဖြင့် **“ဗမာ့ဝဋ်ကြွေး”**ဟု ခေါင်းစဉ်တပ်၍ **“မေလ ၈ ရက်နေ့မှာ ဦးစောကို ကြိုးပေးတော့မယ်။ ဒီသတင်းမျိုးကြားရတာ စိတ်ညစ်တယ်ဗျာ။ ခုအချိန်မှာ တိုင်းသူပြည်သားအားလုံးလဲ ဒီသတင်းမျိုးကို ကြားချင်သူ ရှိမယ်မဟုတ်ဘူး။ အစက ဒီလိုအဖြစ်မျိုးရောက်အောင် မဖန်တီးခဲ့ကြရင်ကောင်းမှာပဲ။ ဗိုလ်ချုပ်အောင်ဆန်းတို့လဲ မသေမပျောက်ပဲ ပျော်ပျော်ရွှင်ရွှင်ရှိနေစေချင်တယ်။ ဦးစောလဲ အခုလို သားမယားနဲ့ ကွေကွင်းရမယ့်အဖြစ်ကို မမြင်ရက်ဖူး။ အမိမြန်မာပြည်ရဲ့ သားကြီးများပီပီ အချင်းချင်းသင့်မြတ်ခင်မင်စွာ တိုင်းကျိုးပြည်ကျိုး ဆောင်နေကြတာပဲ တွေ့မြင်ချင်တာပဲ။**

**ဒီအမှုကြီးကို အစအဆုံး တရားအတိုင်းစီရင်ပြီးရင် အမိမြန်မာပြည်ကြီးဟာ နောင်အခါမှာ ဒီလိုပူဆွေးဒုက္ခမျိုးဘယ်တော့မှ မရောက်ပါစေနဲ့လို့ လှိုက်လှဲစွာဆုတောင်းပါတယ်။ ဒီလိုအဖြစ်မျိုးကို နောင်မှာ မဖြစ်ကြရအောင် နိုင်ငံရေးခေါင်းဆောင်လုပ်သူများ အထူးသတိပြုကြပါခင်ဗျား။**

**တမလွန်ဘဝတွင် ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဦးစော ပြန်လည်မိတ်ဆက်ကာ လွတ်လပ်တဲ့ ဗမာပြည်၌ ညီရင်းအကိုများအဖြစ် ပြန်လည်မွေးဖွားပြီး တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါစေဆုတောင်းပါတယ်။ လွတ်လပ်သော မြန်မာပြည်ကြီး တည်တန့်ပါစေသော်”** ဟူ၍ စသည်ဖြင့် ရေးသားဖော်ပြခဲ့ပါသည်။

**သွေးထိုးလှုံ့ဆော် ဖန်တီးလုပ်ဆောင်နေကြ**

၇၇ နှစ်တိုင်ခဲ့လေပြီ။ မျက်မှောက်ကာလတွင်လည်း ကိုလိုနီနယ်ချဲ့လက်ဟောင်း၊ လက်သစ်တို့သည် မြန်မာ့နိုင်ငံရေးတွင် နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက်စွက်ဖက် နှောင့်ယှက်နေဆဲပင်။ နယ်ချဲ့လက်ဟောင်းက မစားရသည့်အမဲ သဲနှင့်ပက်နေသလို ကိုလိုနီနယ်ချဲ့လက်သစ်များကလည်း ပထဝီနိုင်ငံရေးအရ အရေးပါသော မြန်မာနိုင်ငံတော်ကြီးတွင် ၎င်းတို့ဩဇာခံကြိုးဆွဲရာကမည့် အစိုးရမျိုး မရမချင်း အိမ်ကြက်ချင်းအိုးမဲသုတ်၍ ခွပ်ခိုင်းစေပြီး မြန်မာပြည်ကြီး ပျက်စီးရာပျက်စီးကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားရာပျက်ပြားကြောင်း နောက်ကွယ်မှ အစွမ်းကုန် သွေးထိုးလှုံ့ဆော် ဖန်တီးလုပ်ဆောင်နေကြဆဲပင်။

သို့ဖြင့် ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် သမိုင်းသင်ခန်းစာအရ ကိုလိုနီနယ်ချဲ့လက်ဟောင်း လက်သစ်တို့၏ သွေးထိုးလှုံ့ဆော်မှုများကို အလေးအနက် သတိပြုဆင်ခြင်ကြရန်နှင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သော **“အချင်းချင်းသဘောကွဲလွဲမှုမျိုးကတော့ နည်းနည်းပါးပါးတော့ရှိမှာပဲ။ ဒါပေမယ့် သူတစ်ပါးနိုင်ငံက ကိုယ့်နိုင်ငံကို လာရောက်စော်ကားလို့ အသက်စွန့်ပြီး မလျှော့တမ်း ကာကွယ်တိုက်ခိုက်တာကတော့ အားလုံးနဲ့သက်ဆိုင်တဲ့ အလုပ်မျိုးဖြစ်တယ်။**

**စုပေါင်းလုပ်ကြမှသာ အကျိုးရှိမည်ဟု မိန့်မှာ**

**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်းတို့က တစ်ခြား၊ ကချင်၊ ချင်း အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိမည်”**ဟု မိန့်မှာချက်ကိုလည်းကောင်း။

**“ဗမာတွေ စိတ်ထက်သလေး ဘာလေးနဲ့ တလွဲဆံပင်ကောင်းနေကြတယ်။ ဗမာပြည် လွတ်လပ်ရေးရအောင်လုပ်ရမယ့် တိုက်ပွဲမျိုးမှာ အသုံးမချဘူး။ ဗမာပြည် ပြန်လည်ထူထောင်ရေးမှာ အသုံးမချဘူး။ ဗမာချင်းချဖို့မှာ လုပ်ချင်တယ်။ ဒါမျိုးတွေလုပ်ချင်လို့ ဘယ်တော့မှ အကျိုးမရှိဘူး”**

**“ဒီတော့ကာ ခင်ဗျားတို့ဟာ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ စည်းကမ်းကိုရှိကြပါ။ လွတ်လပ်ရေးကိုလိုချင်ရင် လွတ်လပ်ရေးရနိုင်တဲ့ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလို လုပ်ပြီးတဲ့နောက် ရှေ့ကို လွတ်လပ်ရေးအရသာကို ခံစားစံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့ ယခုကတည်းက ခင်ဗျားတို့ ကိုယ့်အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ စောက်ကျင့်တွေကို ပြင်ကြဖို့လိုပြီဆိုတာ ကျွန်တော် ယနေ့ပြောခဲ့ချင်တယ်”**ဟူသည့် ဗိုလ်ချုပ်၏ နောက်ဆုံးမိန့်မှာချက်များကိုလည်းကောင်း အမှတ်ရ၍ သမိုင်းသင်ခန်းစာအဖြစ်ရယူပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးအမြတ်ထား၍ နိုင်ငံတော်ကြီးအေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုစုစည်းစည်း ညီညီညွတ်ညွတ်၊ ဦးထမ်းပဲ့ထမ်း ကြိုးပမ်းလုပ်ဆောင်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# ဟိုပုံးမြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများအား ကြက်ဥ၊ နွားနို့နှင့် စားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**ဟိုပုံး ဇူလိုင် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား သက်သာသောဈေးနှုန်းဖြင့် ကြက်ဥ၊ နွားနို့များနှင့် စားသောက်ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချပေးခြင်းကို ယနေ့နံနက် ၉ နာရီက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှေ့၌ ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးရာတွင် ဟိုပုံးတပ်နယ်ကွပ်ကဲမှုအောက်ရှိ ကျောင်း၊ တပ်ရင်း/တပ်ဖွဲ့များမှ တာဝန်ရှိသူများက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် ကြက်ဥ၊ နွားနို့၊ ဒိန်ချဉ်၊ ဝက်သား၊ စားသောက်ကုန်ပစ္စည်းများ၊ စက်ရုံထုတ်ပစ္စည်းများနှင့် ဟင်းသီးဟင်းရွက်များကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါ ဖြန့်ဖြူးရောင်းချပေးနေမှုကို ဟိုပုံးတပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းနိုင်နှင့် အရာရှိကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များက ကြည့်ရှုကြကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

## မြစ်သားမြို့နယ်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲကျင်းပ

**မြစ်သား ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ (၇၇) နှစ်မြောက် မြို့နယ်အဆင့် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင်မြို့နယ်ပညာရေးမှူးရုံးမှ မြို့နယ်ပညာရေးမှူး ဒေါ်ပြုံးကြည်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်ဟန်၊ ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ ဆရာမများက ကြီးကြပ်၍ မြစ်သားမြို့အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းများရှိ ကျောင်းသား ကျောင်းသူ ၈၀ တို့က အထက်တန်းအဆင့်စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲများကိုလည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများကိုလည်းကောင်း မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများပြုလုပ်ပြီး စာစီစာကုံးပြိုင်ပွဲတွင် “အာဇာနည်နေ့တို့မမေ့”ခေါင်းစဉ်၊ ကဗျာပြိုင်ပွဲတွင်“၁၉ ဇူလိုင်မမေ့နိုင်”ခေါင်းစဉ်နှင့် ဆောင်းပါးပြိုင်ပွဲတွင် “အာဇာနည်နေ့နှင့် အမျိုးသားရေးတာဝန်” ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ၂၀၂၄ ခုနှစ် (၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုများချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဝင်းမင်းထွန်း(မြစ်သား)



## မိုင်းရှူးမြို့၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲကျင်းပ

**မိုင်းရှူး ဇူလိုင် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ ဇူလိုင် ၁၉ ရက်နေ့တွင် ကျရောက်မည့် (၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အကြို မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



အဆိုပါပြိုင်ပွဲတွင် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးနှင့် ပန်းချီများကို အထက်တန်းအဆင့်၊ ၁၉ ဇူလိုင် မမေ့နိုင်၊ အလယ်တန်းအဆင့်ကို မျက်ရည်သွန်းဖြိုး ဇူလိုင်တစ်ဆယ့်ကိုး၊ မူလတန်းဆင့်ကို အာဇာနည်နေ့ တို့မမေ့ ခေါင်းစဉ်ဖြင့် ပြိုင်ပွဲများပြုလုပ်ခဲ့ပြီး ပြိုင်ပွဲကို မြို့နယ်အဆင့် အခြေခံပညာကျောင်းများရှိ အထက်တန်းအဆင့် ခုနစ်ဦး၊ အလယ်တန်းအဆင့် ၁၉ ဦး၊ မူလတန်းအဆင့် ၂၇ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၅၃ ဦး၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲတွင် အထက်တန်းအဆင့် နှစ်ဦး၊ အလယ်တန်းအဆင့် ငါးဦး၊ မူလတန်းအဆင့် ၁၀ ဦး စုစုပေါင်း ၁၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **သန်းလှူ(ပြန်/ဆက်)**

# အရည်အသွေးကိုက်ညီမှုစစ်ဆေးရေးအဖွဲ့ မှတ်ပုံတင်ခြင်းနှင့် ထောက်ခံချက်ပြုခြင်း လုပ်ငန်းစဉ်များဆိုင်ရာအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၀**

အမျိုးသားအဆင့်အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်းကဏ္ဍရှိ အစိုးရ၊ ပုဂ္ဂလိက အရည်အသွေး ကိုက်ညီမှုစစ်ဆေးရေးအဖွဲ့များဖြစ်သည့် အရည်အသွေးထောက်ခံချက်ထုတ်ပေးရေးအဖွဲ့များ (Certification Bodies)၊ စမ်းသပ်ဓာတ်ခွဲခန်းများ၊ စံဖြင့် တိုက်ကြည့်စစ်ဆေးခြင်း ဓာတ်ခွဲခန်းများ (Calibration Labora-tories)၊ အရည်အသွေး စုံစမ်းစစ်ဆေးရေးအဖွဲ့များ (In-spection Bodies) မှ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် အညီ ဆောင်ရွက်နိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အပြန်အလှန် အသိအမှတ်ပြု အစီအစဉ်များတွင် လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် အရည်အသွေးကိုက်ညီမှုစစ်ဆေးရေးအဖွဲ့ မှတ်ပုံတင်ခြင်းနှင့် ထောက်ခံချက်ပြုခြင်းလုပ်ငန်းစဉ်များ ဆိုင်ရာ အစည်းအဝေး (Meeting on Registration and Designation Procedures for Conformity Assessment Bo-dies-CABs) ကို ယနေ့ နံနက်ပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမျိုးသားစံချိန်စံညွှန်းကောင်စီအဖွဲ့ဝင်များ၊ စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အရည်အသွေးထောက်ခံချက်ထုတ်ပေးသော အစိုးရ-ပုဂ္ဂလိကအဖွဲ့အစည်းများ၊ မြန်မာအစားအသောက် ဓာတ်ခွဲခန်းများကွန်ရက်အဖွဲ့ဝင် ဓာတ်ခွဲခန်းကိုယ်စားလှယ်များ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများရှိ အရည်အသွေး ထောက်ခံချက်ပေးရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အဖွင့်အမှာစကားပြောကြားပြီး အရည်အသွေးကိုက်ညီမှု စစ်ဆေးရေးအဖွဲ့များ မှတ်ပုံတင်ခြင်း (Registration)၊ ထောက်ခံချက်ပြုခြင်း (Desi-gnation) လုပ်ငန်းစဉ်များနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာ(မူကြမ်း)တို့ကို ချမှတ်ဆောင်ရွက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဆွေးနွေးကြမည်ဖြစ်ကြောင်းနှင့် အရည်အသွေးကိုက်ညီမှု စစ်ဆေးရေးအဖွဲ့များအား နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများဖြင့် အပြန်အလှန် အသိအမှတ်ပြုခြင်းများ (Mutual Recognized Arran-gement) ရရှိရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ဆရာအတတ်ပညာဦးစီးဌာန၊ ပညာရေးဒီဂရီကောလိပ် ဆရာ ဆရာမများ သုတေသနဆိုင်ရာ အရည်အသွေးမြှင့် သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၁၀**



ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန၊ ပညာရေးဒီဂရီကောလိပ်ဆရာ ဆရာမများ၊ သုတေသနဆိုင်ရာ အရည်အသွေးမြှင့်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ဆရာအတတ်ပညာဦးစီးဌာနနှင့် ပညာရေးဒီဂရီကောလိပ်များမှ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဆရာအတတ်ပညာဦးစီးဌာနအနေဖြင့် ပညာရေးဒီဂရီကောလိပ်များမှ ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့်မွမ်းမံသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချလျက်ရှိရာ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် သုတေသနဆိုင်ရာ အရည်အသွေးမြှင့် သင်တန်းကို ပထမအကြိမ် ဖွင့်လှစ်ပို့ချခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်ဖွင့်လှစ်ပို့ချခြင်းဖြစ်ပါကြောင်း၊ ဆရာ ဆရာမ အရည်အသွေးမြှင့်တင်ရာတွင် သုတေသနဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးသည် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ သုတေသနသည် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ အသက်သွေးကြောဖြစ်သည့် အတွက် ဆရာ ဆရာမများအနေဖြင့် မဖြစ်မနေ သုတေသနများဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများသည် သင်တန်းတက်ရောက်လာသည့် သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး အားပေးနှုတ်ဆက်သည်။

ဖွင့်ပွဲအပြီးတွင် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက သုတေသနနည်းစနစ် (Research Metho-dology) ခေါင်းစဉ်ဖြင့် ပို့ချသင်ကြားခဲ့ကြောင်းနှင့် အဆိုပါသင်တန်းကို ဇူလိုင် ၁၀ ရက်မှ ၁၄ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အဆိုပါပွဲစဉ်တွင် စပိန်အသင်းမှ လူငယ်ကစားသမား ယာမဲလ် အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး ပွဲချိန် ၂၁ မိနစ်တွင် အသင်းအတွက် အရေးပါသည့် ချေပဂိုးကို သွင်းယူပေးခဲ့သည်။ အဆိုပါ သွင်းဂိုးကြောင့် ယာမဲလ်သည် ဥရောပချန်ပီယံရှစ်ပြိုင်ပွဲ သမိုင်းတစ်လျှောက်၌ အသက်အငယ်ဆုံး ဂိုးသွင်းယူသူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ပြင်သစ်အသင်းသည် ခြေစွမ်းကောင်းအချို့ပြသနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်း၏ ကစားဟန်မှာ အကောင်းဆုံးပုံစံတွင်ရှိနေသည့်အတွက် နိုင်ပွဲရသည်အထိ စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ချေ။

စပိန်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန် ၂၅ မိနစ်တွင် ရရှိခဲ့ပြီး တိုက်စစ်ကစားသမား အိုလ်မိုက သွင်းယူပေးခဲ့သည်။ ထို့နောက်တွင် နှစ်သင်းစလုံး လူစားလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးစားလာသော်လည်း ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပွဲအပြီးတွင် စပိန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။

စပိန်အသင်းသည် ယူရို ၂၀၂၄ ပြိုင်ပွဲ ဗိုလ်လုပွဲတွင် နယ်သာလန်နှင့် အင်္ဂလန်အသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းနှင့် ဇူလိုင် ၁၅ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

အိမ်ပြင်ပ၌ထွန်းသော မီးများကို
နေ့အလင်းရောင်ရှိချိန်တွင်
ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

◆ *ကျောဖုံးမှ*

ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ရနောင်းမြို့သို့ နယ်စပ်ကုန်သွယ်ရေး (Border Trade Method) စနစ်ဖြင့် ရောက်ရှိလာသည့် အဆိုပါ ကုန်တင်သင်္ဘောမှာ ကော့သောင်းမြို့ဆိပ်ကမ်းတွင် Check Point အစစ်ဆေးခံခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ဆက်လက်ပို့ဆောင်မည်**

လက်ရှိတွင် မြဝတီ၊ ဘုရားသုံးဆူ၊ ကယားပြည်နယ်၊ နယ်စပ်ကုန်သွယ်ရေး အခြေအနေမှာ ဆိုင်းငံ့ထားကြောင်း၊ ရေကြောင်းခရီးကို အသုံးပြုပြီး ကွန်တိန်နာစနစ်ဖြင့် သွားရန်ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပုံစံအသစ်စနစ်အသစ်ဖြင့် ဆောင်ရွက်ခဲ့သည့် ကွန်တိန်နာသင်္ဘောကြီးမှာ အိန္ဒိယသင်္ဘော MV – BEYPORE SULTAN ဖြစ်ကာ သန့်စင်ပြီး ခဲသတ္တု ၉၉ တန်ပါ ကွန်တိန်နာလေးလုံး၊ ပြောင်းဆန် တန် ၁၃၀၀ ပါ ကွန်တိန်နာ ၅၂ လုံးတို့ကို သယ်ဆောင်ကာ ထွက်ခွာလာခဲ့ခြင်းဖြစ်ပြီး ကော့သောင်းမြို့ဆိပ်ကမ်းသို့ ဇူလိုင် ၇ ရက် ညတွင် ရောက်ရှိခဲ့ပြီးနောက် ဇူလိုင် ၈ ရက်တွင် အစစ်ဆေးခံကာ ထိုင်းနိုင်ငံ ရနောင်းမြို့သို့ ထွက်ခွာသွားခဲ့ခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံမှ ကုန်စည်တချို့ ပြန်လည်တင်ဆောင်ကာ ကော့သောင်းမြို့သို့ ပြန်လည်ဝင်ရောက်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးသို့ ဆက်လက်ကုန်စည်ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။



ကုန်သွယ်ရေးပုံစံအသစ် စနစ်အသစ်ဖြင့် ရန်ကုန် – ကော့သောင်း – ရနောင်းသို့ စတင်ပြေးဆွဲသည့် ကွန်တိန်နာသင်္ဘောကို တွေ့ရစဉ်။

ကုန်သွယ်ရေးပုံစံအသစ် စနစ်အသစ်သည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဇွန် ၂၉ ရက်က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ပုလဲသန္တာဟိုတယ်တွင် ပြုလုပ်ခဲ့သည့် မြန်မာ – ထိုင်း ဒေသအဆင့် နယ်ခြားကော်မတီအစည်းအဝေးမှရရှိခဲ့သော ရလဒ်တစ်ခုဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ပထမနှစ်ဝက်ကာလအတွင်း စင်ကာပူသို့ လာရောက်သည့် ခရီးသွားရှစ်သန်းကျော်ရှိ



**စင်ကာပူ ဇူလိုင် ၁၀**

စင်ကာပူနိုင်ငံသို့ ယခုနှစ် ပထမနှစ်ဝက်အတွင်း လာရောက်သည့်ခရီးသွား ၈ ဒသမ ၄၂ သန်းရှိပြီး ၂၀၁၉ ခုနှစ်ကပ်ရောဂါ ကာလမတိုင်မီ ခရီးသွားလာရောက်မှု၏ ၈၈ ရာခိုင်နှုန်းထိ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က နောက်ဆုံးထုတ်ပြန်ထားသည့် အချက်အလက်များအရ သိရသည်။

ဇန်နဝါရီလမှ ဇွန်လအတွင်း စင်ကာပူသို့ လာရောက်သည့်ခရီးသွားအများစုမှာ တရုတ်နိုင်ငံမှဖြစ်သည်။ တရုတ်နိုင်ငံမှ ခရီးသွား ၁ ဒသမ ၄၅ သန်း လာရောက်ခဲ့ပြီးယင်းနောက်တွင် အင်ဒိုနီးရှား၊ အိန္ဒိယ၊ မလေးရှားနိုင်ငံတို့မှ ခရီးသွားများအများဆုံး စင်ကာပူသို့ လာရောက်လည်ပတ်သည်ဟု သိရသည်။

ဇွန်လတစ်လအတွင်း စင်ကာပူသို့ လာရောက်သည့် ခရီးသွား ၁ ဒသမ ၂၅သန်းရှိပြီး ယမန်နှစ်ကနှင့်နှိုင်းယှဉ်လျှင် ၁၀ ဒသမ ၇ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။ ယခုနှစ်အတွင်း စင်ကာပူသို့ နိုင်ငံခြားခရီးသွား ၁၅ သန်းမှ ၁၆ သန်းအထိ လာရောက်လည်ပတ်နိုင်သည်ဟု စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က ခန့်မှန်းထားသည်။ **ဆင်ဟွာ**

# အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ ပိုလီယိုရောဂါဖြစ်ပွားသူ သုံးဦးထပ်မံတွေ့ရှိ

**ကန်ဒါဟာ ဇူလိုင် ၁၀**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ ပိုလီယိုရောဂါဖြစ်ပွားသူ သုံးဦး ထပ်မံတွေ့ရှိခဲ့ပြီး နိုင်ငံတစ်ဝန်း ပိုလီယိုရောဂါဖြစ်ပွားသူဦးရေ ကိုးဦးအထိ ရှိလာပြီဟု ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ မော်လဝီ မာမွတ်အီဇမ်က ဇူလိုင် ၉ ရက်တွင် ပြောသည်။

၂၀၂၄ ခုနှစ်အတွင်း ကန်ဒါဟာပြည်နယ်မြို့တော် ကာနာဒါဟာ၊ ဆဲ့ရှ်ဝါလီကော့ နှင့် အာဂစ်စတန်ခရိုင်တို့တွင် ပိုလီယိုရောဂါဖြစ်ပွားသူ သုံးဦးတွေ့ရှိခဲ့သည်ဟု တာဝန်ရှိသူက ပြောသည်။ ကူနာပြည်နယ် အရှေ့ပိုင်းနှင့် နူရစ်စတန်ပြည်နယ်တို့အပါအဝင် အခြားသောနေရာများတွင်လည်း ပိုလီယိုရောဂါဖြစ်ပွားသူ ခြောက်ဦးရှိကြောင်း အာဏာပိုင်များက ပြောသည်။

အာဖဂန် အိမ်စောင့်အစိုးရသည် ဇူလိုင် ၈ ရက်မှစတင်ကာ အာဖဂန်နစ္စတန်၏ ပြည်နယ် ၃၄ ခုအနက် ၂၃ ခုတွင် လေးရက်ကြာ အိမ်တိုင်ရာရောက် ပိုလီယိုကာကွယ်ဆေးပေးသည့် အစီအစဉ်ပြုလုပ်ခဲ့သည်။ အသက် ငါးနှစ်အောက်ကလေး ရှစ်သန်းမှာ ပိုလီယိုကာကွယ်ဆေးရရှိမည်ဖြစ်သည်။



စစ်ပွဲဒဏ်ခံ အာဖဂန်နစ္စတန်နိုင်ငံတွင် ဇွန် ၃ ရက်ကလည်း ပိုလီယိုရောဂါ အမြစ်ပြတ်ရေး ကာကွယ်ဆေး တိုက်ကျွေးပေးသည့် အစီအစဉ်ပြုလုပ်ခဲ့သည်။ ၂၀၂၃ ခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ ပိုလီယိုရောဂါဖြစ်ပွားသူ ခြောက်ဦးသာ တွေ့ရှိခဲ့သည်။ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့သည် ကမ္ဘာပေါ်တွင် ပိုလီယိုဗိုင်းရပ်စ်ကူးစက်ခံရသောနိုင်ငံဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သုံးဦးသေဆုံးပြီး ပျက်စီးမှုများဖြစ်ပေါ်

**ဆိုးလ် ဇူလိုင် ၁၀**

တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်းဒေသများတွင် ညလုံးပေါက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သုံးဦးသေဆုံးပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်ဟု ပြည်ထဲရေးနှင့် ဘေးကင်းလုံခြုံရေးဝန်ကြီးဌာနက ဇူလိုင် ၁၀ ရက်တွင် ပြောသည်။

ချောင်းချွန်ပြည်နယ်တောင်ပိုင်း နွန်းဆန်မြို့ စတူဒီယိုအတွင်း ရေမြုပ်နေသည့်ဓာတ်လှေကားအတွင်းမှ လူတစ်ဦးသေဆုံးနေသည်ကို တွေ့ရှိရကြောင်း ဝန်ကြီးဌာနက ပြောသည်။

ဆော့ချွန်းကောင်တီ၌လည်း အသက် ၇၀ အရွယ်အမျိုးသားတစ်ဦးမှာ မြေပြိုမှုအတွင်း နလုံးရပ်ကာ သေဆုံးသွားကြောင်း သိရသည်။ ဒဲဂူးမြို့တွင်လည်း နောက်ထပ်တစ်ဦး သေဆုံးခဲ့ရသည်။

ပျောက်ဆုံးနေသူတစ်ဦးရှိသေးသည့်အတွက် သေဆုံးသူဦးရေမှာ ထပ်တိုးလာနိုင်သေးသည်ဟု ခန့်မှန်းထားသည်။ မိုးရွာသွန်းမှုကြောင့် လမ်းနှင့် တာတမံများအပါအဝင် ပျက်စီးမှုစုစုပေါင်း ၁၉၅ ခုရှိပြီး နေအိမ်နှင့်ကားရေမြုပ်မှုကြောင့် ပျက်စီးမှုပေါင်း ၉၂ ခုရှိသည်ဟု သိရသည်။

မိုးရွာသွန်းမှုကြောင့် လူပေါင်း ၃၀၇၂ ဦးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး ၎င်းတို့အနက် ၁၄၀၄ ဦးကို နေအိမ်သို့ ပြန်ခွင့်ပြုခဲ့သည်။ **ဆင်ဟွာ**

# ဩစတြေးလျနိုင်ငံ မြောက်ပိုင်းဒေသတွင် ကလေးငယ်တစ်ဦးကို အသက်သေဆုံးသည်အထိ တိုက်ခိုက်ခဲ့သောမိကျောင်းကို အသေပစ်သတ်

**ကင်ဘာရာ ဇူလိုင် ၁၀**

ဩစတြေးလျနိုင်ငံ မြောက်ပိုင်းဒေသ (အင်န်တီ) တွင် ကလေးငယ်တစ်ဦးကိုအသက်သေဆုံးသည်အထိတိုက်ခိုက်ခဲ့သော မိကျောင်းတစ်ကောင်ကို အာဏာပိုင်များက အသေပစ်သတ်လိုက်ကြောင်း သိရသည်။

၄ ဒသမ ၂ မီတာရှည်လျားသော ရေငန်မိကျောင်းသည် အသက် ၁၂ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးကို ဇူလိုင်လအစောပိုင်းတွင် တိုက်ခိုက်ခဲ့ကြောင်း တွေ့ရှိသည့်အတွက် သုတ်သင်ရှင်းလင်းခဲ့သည်ဟု အင်န်တီရဲတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့တွင် အတည်ပြုပြောသည်။

၎င်းသည် ဒါဝင်မြို့ အနောက်တောင်ဘက် ကီလိုမီတာ ၂၀၀ ကျော်အကွာရှိ ပေါ်လွမ်ပါမြို့ငယ်လေးအနီး ချောင်းတစ်ခုအတွင်း မိသားစုနှင့်အတူ ရေကူးနေစဉ် ဇူလိုင် ၂ ရက်က ပျောက်ဆုံးသွားကြောင်းနှင့် နှစ်ရက်ကြာ ရှာဖွေမှုပြုလုပ်ပြီးနောက် ဇူလိုင် ၄ ရက်တွင် ၎င်း၏ရုပ်အလောင်းကို တွေ့ရှိခဲ့ကြောင်း သိရသည်။

၎င်း၏ဒဏ်ရာရရှိမှုများမှာ မိကျောင်းတိုက်ခိုက်မှုနှင့် ဆင်တူကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ ယင်းမှာ ၂၀၁၈ ခုနှစ်နောက်ပိုင်း အင်န်တီဒေသတွင် ပထမဆုံးအကြိမ် မိကျောင်းတိုက်ခိုက်မှုကြောင့် အသက်သေဆုံးမှုဖြစ်ကြောင်း သိရသည်။

၄ ဒသမ ၂ မီတာရှည်လျားသော မိကျောင်းကို တနင်္ဂနွေနေ့တွင် ရိန်းဂျားတပ်ဖွဲ့က အသေပစ်သတ်လိုက်ကြောင်း အင်န်တီရဲတပ်ဖွဲ့က ပြောသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံ ဖူဂျီတောင်တက်ရာသီ စတင်

**တိုကျို ဇူလိုင် ၁၀**

ဂျပန်နိုင်ငံ ဖူဂျီတောင်တက်ရာသီ စတင်လိုက်ပြီဖြစ်သည်။ ရှီဆူအိုကာခရိုင်ဘက်ခြမ်းရှိ လမ်းကြောင်းသုံးခုကို ဇူလိုင် ၁၀ ရက်က ဖွင့်လှစ်ခဲ့ပြီး အဓိပ္ပာယ်မှာ တောင်ထိပ်သို့ ဦးတည်သော လမ်းအားလုံးကို ယခုအသုံးပြုနိုင်ပြီဖြစ်သည်။

သို့သော်လည်း ဖွင့်ပွဲနေ့တွင် တောင်ထိပ်အနီး၌ သတိလစ် မေ့မြောနေသော အမျိုးသားတစ်ဦးကို တွေ့ရှိပြီးနောက် တောင်တက်သမားများကို သတိထားရန် တာဝန်ရှိသူများက တိုက်တွန်းပြောကြားထားသည်။

ဇူလိုင် ၁၀ ရက် အစောပိုင်းတွင် တောင်ခြေ၌ အခမ်းအနားတစ်ခု ကျင်းပခဲ့ပြီး တောင်တက်ရာသီ ဘေးကင်းပါစေဟု ဆုတောင်းပေးခဲ့ကြသည်။



လွန်ခဲ့သောနှစ်က ရှီဆူအိုကာခရိုင်လမ်းကြောင်းမှတစ်ဆင့် ဖူဂျီတောင်ပေါ်သို့ တောက်တက်သမား ၈၄၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ယခုနှစ် တောင်တက်ရာသီစတင်လိုက်ချိန်တွင် တောင်တက်သမားများသည် အွန်လိုင်းတွင် ကြိုတင်စာရင်း ပေးသွင်းရမည်ဖြစ်သကဲ့သို့ တောင်တက်ခရီးစဉ်အတွင်း စီစဉ်ထားရှိသည့်တဲများတွင် ညအိပ်ရန် အစီအစဉ်ရှိ၊ မရှိကိုလည်း ကြိုတင်စာရင်းသွင်းထားရမည်ဖြစ်သည်။

ဖူဂျီတောင်သည် ခရိုင်နှစ်ခုကို ခွလျက် တည်ရှိသည်။ အခြားတောင်တက်လမ်းကြောင်း တစ်ခုဖြစ်သော ယာမာနာရှီခရိုင်ရှိ လမ်းကြောင်းကို ယခုလ အစောပိုင်းကတည်းက ဖွင့်ပေးခဲ့သည်။

တောင်တက်ရာသီစတင်ချိန် ဇူလိုင် ၁၀ ရက်တွင် တောင်ထိပ်အနီး၌ လူတစ်ဦး သတိလစ်မေ့မြောနေသည်ကို တွေ့ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ အဆိုပါတောင်တက်သမားသည် တောင်ပေါ်သို့ တစ်ကိုယ်တော် တက်ရောက်ခဲ့သူဖြစ်မည်ဟု ယုံကြည်ကြောင်းနှင့် ၎င်းတောင်တက်နေသည့်အချိန်တွင် မိုးများရွာသွန်းပြီး လေပြင်းများလည်း တိုက်ခတ်နေသည်ဟု ရဲတပ်ဖွဲ့က ပြောသည်။

တောင်ပေါ်ရှိ ရာသီဥတုသည် ရုတ်တရက် ပြောင်းလဲနိုင်သောကြောင့် တောင်တက်သမားများကို သတိထားရန် ရဲတပ်ဖွဲ့က တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**

# မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အကြိမ်(၆၀)မြောက် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက် အဖွင့်အမှာစကားပြောကြား



နေပြည်တော် ဇူလိုင် ၁၀

အာဆီယံဒေသတွင်း ခရီးသွား လုပ်ငန်းများ မြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယား နိုင်ငံနှင့် အိန္ဒိယနိုင်ငံများ၏ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနများ မှ ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်များ ဦးဆောင် ပါဝင်သော အာဆီယံခရီးသွား လုပ်ငန်း အာဏာပိုင်အဖွဲ့အစည်း အဝေးနှင့် ဆက်စပ်အစည်းအဝေး များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ က တစ်နှစ်လျှင် (၂)ကြိမ် အလှည့် ကျ ကျင်းပပြုလုပ်လျက်ရှိသည်။

အကြိမ်(၆၀)မြောက် အာဆီယံ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ အစည်းအဝေး၊ (၄၅)ကြိမ်မြောက် အာဆီယံ + တရုတ်၊ ဂျပန်၊ ကိုရီး ယားခရီးသွားလုပ်ငန်း အာဏာပိုင် အဖွဲ့အစည်းအဝေး၊ (၃၂) ကြိမ် မြောက် အာဆီယံ + အိန္ဒိယ ခရီး သွားလုပ်ငန်းအဖွဲ့အစည်းအဝေး တို့ကို ဇူလိုင် ၁၀ ရက်မှ ၁၁ ရက် အထိ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ Video Conferencing စနစ်ဖြင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ အဆိုပါ အစည်းအဝေးများ၏ ဖွင့်ပွဲအခမ်း အနားသို့ ဟိုတယ်နှင့်ခရီးသွားလာ ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ အစည်းအဝေးများ သို့ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုး ဇော်စိုးနှင့် ဝန်ကြီးဌာနမှ တာဝန် ရှိသူများ တက်ရောက်ကြသည်။

**ခရီးသည်ဝင်ရောက်မှု**

ပြည်ထောင်စု ဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာ တွင် ကိုဗစ်အလွန်ကာလ ခရီးသွား လုပ်ငန်းများ ပြန်လည်ဦးမော့လာ ရေးနှင့် အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက် ရေးအတွက် အာဆီယံနှင့် မိတ်ဖက် အဖွဲ့အစည်းများ၏ ကြိုးပမ်း ဆောင်ရွက်မှုများကို ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများအပြင် တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အိန္ဒိယနိုင်ငံ များ၏ ပံ့ပိုးကူညီမှု၊ အပြန်အလှန် ပူးပေါင်းဖလှယ်မှုနှင့် ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု များတွင် ဆောင်ရွက်ခဲ့မှုများကို လည်း အသိအမှတ်ပြုပါကြောင်း၊ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအချက်အလက် များအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာလှည့် ခရီးသွားဧည့်သည် ၁ ဒသမ ၂၈ သန်း လာရောက်ခဲ့ပါ ကြောင်း၊ ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ် ပါက လေးဆခွဲ တိုးတက်ဝင်ရောက် ခဲ့ပါကြောင်း၊ ခရီးသွားဧည့်သည် ဝင်ရောက်မှု အများဆုံးနိုင်ငံများ အနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ များနှင့် မိတ်ဖက်နိုင်ငံများဖြစ် သော တရုတ်၊ ဂျပန်၊ ကိုရီးယား နိုင်ငံတို့ဖြစ်သည်ကို တွေ့ရှိရပါ ကြောင်း၊ ၂၀၂၄ ခုနှစ် ဇွန်လအထိ နိုင်ငံတကာ ခရီးသွားဧည့်သည် ၀ ဒသမ ၆ သန်း ဝင်ရောက်ခဲ့ပါ ကြောင်း၊ ၂၀၂၃ ခုနှစ် အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ၆၃ ရာခိုင်နှုန်း တိုးတက်ရောက်ရှိခဲ့ပါ ကြောင်း၊ အဓိကအားဖြင့် တရုတ် နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ခရီးသွား ဧည့်သည် ဝင်ရောက်မှုအများဆုံး ဖြစ်ပါကြောင်း။

**ခရီးသွားလုပ်ငန်းမြှင့်တင်**

အာဆီယံ ခရီးသွားလုပ်ငန်း မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၅ နှင့် ဆက်စပ်ပူးပေါင်း ဆောင်ရွက်မှု မူဘောင်များအရ အာဆီယံဒေသတွင်း ခရီးသွား လုပ်ငန်းဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့သည့် ခရီးသွား လုပ်ငန်းနှင့် ပူးပေါင်းဈေးကွက် မြှင့်တင်ခြင်းများကို တိုးမြှင့် ဆောင်ရွက်စေလိုပါကြောင်း၊ ၂၀၂၅ အလွန် အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာရေးဆွဲရေး စီမံကိန်း ကို အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူ အညီဖြင့် ဖိလစ်ပိုင်နိုင်ငံမှ ဦးဆောင် ရေးဆွဲဆောင်ရွက်နေခြင်းအပေါ် ကျေးဇူး တင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်း ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း၊ အာဆီယံခရီးသွား လုပ်ငန်းတိုးတက်မှုများကို မြှင့်တင် ရာတွင် ကူညီထည့်ဝင် ပံ့ပိုးပေးခဲ့ သည့် အတွေ့အကြုံကောင်းများ နှင့် ကျွမ်းကျင်မှုများအတွက် ပါဝင်သက်ဆိုင်သူ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခု အစည်းအဝေးများမှ တစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား ရေရှည် တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက် ရေးကို အထောက်အကူဖြစ်စေ မည့် ခရီးသွားလုပ်ငန်းများအဖြစ် ပုံဖော်ပေးနိုင်မည့် အသွင် ကူးပြောင်းရေးဆိုင်ရာ ရလဒ်များ ထွက်ပေါ်လာမယ်လို့ ယုံကြည် ပါကြောင်း တိုက်တွန်းဆွေးနွေး ပြောကြားသည်။

**တက်ရောက်**

ထို့နောက် အစည်းအဝေး များကို ဆက်လက်ကျင်းပရာ မလေးရှားနိုင်ငံ၊ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ခေါင်းဆောင်က အကြိမ်(၆၀) မြောက် အာဆီယံ ခရီးသွားလုပ်ငန်းအာဏာပိုင် အဖွဲ့ အစည်းအဝေး ဥက္ကဋ္ဌအဖြစ်လည်း ကောင်း၊ မြန်မာနိုင်ငံမှ ခရီးသွား လုပ်ငန်း အာဏာပိုင်အဖွဲ့ ခေါင်းဆောင် ဟိုတယ်နှင့်ခရီး သွားလာရေးဝန်ကြီးဌာန ဟိုတယ် နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင် မောင်ကျော်က ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း ဆောင်ရွက် ခဲ့ပြီး အစည်းအဝေးသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ခရီးသွား လုပ်ငန်း အာဏာပိုင်အဖွဲ့ ခေါင်းဆောင်များ၊ ခရီးသွား လုပ်ငန်းဆိုင်ရာ ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စား လှယ်များ တက်ရောက်ကြသည်။

၂၀၂၄ ခုနှစ် ဇူလိုင် ၁၁ ရက် တွင် (၄၅) ကြိမ်မြောက် အာဆီယံ+ ၃ (တရုတ်၊ ဂျပန်၊ ကိုရီးယား) ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ အစည်းအဝေးကို မလေးရှားနိုင်ငံ နှင့် ကိုရီးယားနိုင်ငံတို့မှ ပူးတွဲ အစည်းအဝေးဥက္ကဋ္ဌများအဖြစ် လည်းကောင်း၊ (၃၂)ကြိမ်မြောက် အာဆီယံ + အိန္ဒိယ ခရီးသွား လုပ်ငန်းအဖွဲ့ အစည်းအဝေးကို မလေးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံ တို့မှ ပူးတွဲ အစည်းအဝေးဥက္ကဋ္ဌ များအဖြစ် လည်းကောင်း ဆောင်ရွက်၍ ဆက်လက်ကျင်းပ သွားမည်ဖြစ်ပြီး အဆိုပါအစည်း အဝေးများသို့ တရုတ်နိုင်ငံ၊ ဂျပန် နိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် အိန္ဒိယ နိုင်ငံတို့မှ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့များမှ ကိုယ်စား လှယ်များ၊ အာဆီယံ - တရုတ် စင်တာ၊ အာဆီယံ-ဂျပန်စင်တာ နှင့် အာဆီယံ-ကိုရီးယား စင်တာ တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများသို့ ကွင်းဆင်းစစ်ဆေးကာ လိုအပ်ချက်များ ဖြည့်ဆည်းပေး



နေပြည်တော် ဇူလိုင် ၁၀

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ပါမောက္ခဒေါက်တာ အေးထွန်းသည် ကုသရေးဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရောဝတီတိုင်းဒေသကြီး ကုသရေး ဦးစီးဌာနမှူးတို့နှင့်အတူ ဇူလိုင် ၇ ရက် နံနက်ပိုင်းက ရောဝတီ တိုင်းဒေသကြီးရှိ ပြည်သူ့ဆေးရုံ- ပန်းတနော်မြို့သို့ ရောက်ရှိပြီး ပြည်သူလူထုအား ကျန်းမာရေး စောင့်ရှောက် ပေးနေမှုများနှင့် ဆေးရုံအဆောက်အဦများ၏အခြေ အနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ဆွေးနွေး မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး သည် ခုတင်-၁၀၀ ဆံ့ ပြည်သူ့ ဆေးရုံ - ကျောင်းကုန်းမြို့သို့ ရောက်ရှိပြီး အရေးပေါ်လူနာဌာန၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ အတွင်းလူနာဆောင်များ၊ ခွဲစိတ် ခန်း၊ ဆေးသိုလှောင်ခန်း၊ ကာကွယ်ဆေး သိုလှောင်ခန်း တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ် ချက်များကို ညှိနှိုင်းဖြည့်ဆည်း ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့ ဆေးရုံ-အိမ်မဲမြို့ နှစ်ထပ် ကုသ ဆောင်သစ်နှင့် မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူးရုံး ဖွင့်ပွဲ အခမ်းအနားသို့ ရောဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးတင် မောင်ဝင်းနှင့်အတူ တက်ရောက် ၍ အဆောက်အဦသစ်များကို ဖွင့်လှစ်ပေးပြီး ပြည်သူ့ဆေးရုံ- ဓနုဖြူမြို့သို့ သွားရောက်၍ ဆေးကုသဆောင်များ၊ ခွဲစိတ်ခန်း များ၊ ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ဇူလိုင် ၈ ရက်က ဓနုဖြူမြို့နယ် ကျောင်းစု တိုက်နယ်ဆေးရုံ၊ ကျောင်းစု ကျေးလက်ကျန်းမာရေး ဌာန၊ ငါးဘတ်အိုင် ကျေးလက် ကျန်းမာရေးဌာနခွဲ၊ ဇလွန် ပြည်သူ့ ဆေးရုံ၊ ပြည်သူ့ဆေးရုံကြီး- ဟင်္သာတမြို့၊ ဟင်္သာတမြို့နယ် ရှားခဲတိုက်နယ်ဆေးရုံ၊ နိဗ္ဗာန် တိုက်နယ်ဆေးရုံ၊ ဒူးယား တိုက်နယ်ဆေးရုံနှင့် ပျဉ်းမကုန်း ကျေးလက်ကျန်းမာရေးဌာနတို့သို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေး၊ လူနာဘေးကင်း လုံခြုံမှု အလေးထားဆောင်ရွက် ရေး၊ ဌာနအဆောက်အဦများ ဥပဓိ ရုပ်ကောင်းမွန်စေရေး၊ ဆေးနှင့် ဆေးပစ္စည်းများ စနစ်တကျ စီမံ ခန့်ခွဲအသုံးပြုရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ လိုအပ်ချက် များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၀

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

**မိုး/ဇလ**

# ပြစ်မှုကျူးလွန်မှုမရှိသော PDF သင်တန်းဆင်း အလင်းဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၁၀**

ပြစ်မှုကျူးလွန်မှုမရှိသော PDF သင်တန်းဆင်း အလင်းဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။ (ယာပုံ)



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားရာ ပြစ်မှုကျူးလွန်မှုမရှိသော PDF သင်တန်းဆင်း အလင်းဝင်ရောက်လာသူ အမျိုးသား ၁၅ ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ၁၇ ဦးကို မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံသွားမည်ဖြစ်ရာ ယခုဆိုလျှင် အလင်းဝင်ရောက်လာသူ စုစုပေါင်း ၁၂၀ အား လွှဲပြောင်းအပ်နှံနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် အလင်းဝင်ရောက်လာသူများကို လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ အလင်းဝင်ရောက်လာသူများနှင့် မိဘအုပ်ထိန်းသူများအနေဖြင့် ယခုလို ကြိုဆိုလက်ခံမှု အခြေနေတွေကို နီးစပ်ရာ သက်ဆိုင်သူများကိုပါ ပြောပြပြီး ထပ်မံစည်းရုံးပေးကြရန် လိုပါကြောင်း၊ အလင်းဝင်ရောက်လာသူများအနေဖြင့် ပြန်လည်ဝင်ရောက်လာကာ နောက်ပိုင်းကာလမှာ ကောင်းမွန်စွာနေထိုင်ပြီး နိုင်ငံအကျိုးပြုသူများ ဖြစ်လာစေရန် ကြိုးစားနေထိုင်ကြရန် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်နှင့် တာဝန်ရှိသူများက ပြစ်မှုကျူးလွန်မှုမရှိသော PDF သင်တန်းဆင်း အလင်းဝင်ရောက်လာသူ ၁၇ ဦးကို မိသားစုဝင်များထံ လွှဲပြောင်းအပ်နှံပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြစ်မှုကျူးလွန်မှုမရှိသော PDF သင်တန်းဆင်း အလင်းဝင်ရောက်လာသူ လူငယ်များ၏ မိသားစုဝင်များ (ကိုယ်စား) အဒေါ် တော်စပ်သူတစ်ဦးက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြစ်မှုကျူးလွန်မှုမရှိသော PDF သင်တန်းဆင်း အလင်းဝင်ရောက်လာသူ လူငယ်များနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး လန်းဆန်းစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

---

## ကျောက်ဆည်တက္ကသိုလ်၌ တိရစ္ဆာန်ရုပ်လုံးသွင်း အတတ်ပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**စဉ့်ကိုင် ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် တောမကျေးရွာအနီးရှိ ကျောက်ဆည် တက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ပညာသင်နှစ် သတ္တဗေဒဌာနမှ ကြီးမှူးကျင်းပသော "TAXIDERMY" တိရစ္ဆာန် ရုပ်လုံးသွင်း အတတ်ပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၈ ရက်က အဆိုပါ ကျောက်ဆည်တက္ကသိုလ် ခန်းမ၌ ကျင်းပသည်။



သင်တန်းတွင် ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာရီရီဦးက သင်တန်းသားသင်တန်းသူများအနေဖြင့် ပို့ချမည့် သင်ခန်းစာများကို စိတ်ဝင်တစား လေ့လာသင်ယူကြပြီး လက်တွေ့ အသုံးချနိုင်အောင် အလေးထား မှတ်သားကြရန်နှင့် ကြိုးစားသင်ယူကြရန် ပြောကြားသည်။ ယင်းနောက် သတ္တဗေဒဌာနမှ ပါမောက္ခဌာနမှူး ဆရာမကြီး ဒေါက်တာလဲ့လဲ့ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၊ Htoo Zoo and Garden Business Units မှ သားရေခွာရုပ်လုံးသွင်း ပညာရှင် သင်တန်းနည်းပြဆရာက တိရစ္ဆာန်ရုပ်လုံးသွင်း အတတ်ပညာ အကြောင်း၊ သိကောင်းစရာများ အကြောင်း အသိပညာပေး ပြောကြားသည်။

ထို့နောက် "TAXIDERMY" တိရစ္ဆာန် ရုပ်လုံးသွင်း အတတ်ပညာသင်တန်းကို သင်တန်းနည်းပြဆရာ တိရစ္ဆာန်သားရေခွာရုပ်လုံးသွင်း အတတ်ပညာရှင်များဖြစ်ကြသော ဆရာဦးဘော်သန်းနှင့် ဆရာဦးမျိုးနိုင်တို့က လက်တွေ့သင်ကြားပို့ချခဲ့ရာ သင်တန်းသားသင်တန်းသူများက စိတ်ဝင်တစား လေ့လာသင်ယူခဲ့ကြကြောင်းနှင့် အဆိုပါသင်တန်းကို ဇူလိုင် ၈ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ (စဉ့်ကိုင်)**

---

## သင်တန်းဆင်း ပြည်သူ့စစ်မှုထမ်းများအား ၅ နှစ်တာဝန်ထမ်းဆောင်ရန် အတင်းအကျပ် လက်မှတ်ရေးထိုးခိုင်းကြောင်း မဟုတ်မမှန် သတင်းများ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်သူ့စစ်မှုထမ်း သင်တန်းပြီးစီးခဲ့သည့် သင်တန်းဆင်း ပြည်သူ့စစ်မှုထမ်းများအနေဖြင့် သင်တန်းခေါ်ယူစဉ်က နှစ်နှစ်တာဝန် ထမ်းဆောင်ရမည်ဟု ခေါ်ယူထားသော်လည်း လက်တွေ့တွင် ငါးနှစ်တာဝန်ထမ်းဆောင်ရန် အတင်းအကျပ် လက်မှတ်ရေးထိုးခိုင်းကြောင်း ပြည်သူအများ စိုးရိမ်စေရန် တရားမဝင် ပြည်ဖျက်မီဒီယာများမှ မဟုတ်မမှန်သွေးထိုးလှုံ့ဆော် ဝါဒဖြန့်ဝေရေးသားလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မှန်ကန်မှုမရှိကြောင်းနှင့် ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်စပ်လျဉ်း၍ နိုင်ငံပိုင်မီဒီယာများ၊ လူမှုကွန်ရက်များနှင့် Mobile ဖုန်းများသို့ SMS(စာတိုပေးပို့ခြင်း) ဝန်ဆောင်မှုများဖြင့် အများပြည်သူထံသို့ ပေးပို့အသိပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူ့စစ်မှုထမ်း ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီသာ တာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

သို့ရာတွင် တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက် အဖွဲ့အစည်းများသည် လူငယ်၊ လူရွယ်များ လမ်းမှားရောက်စေရန်အတွက် အချိန်ကိုက်သွေးထိုးလှုံ့ဆော် ဝါဒဖြန့် ထုတ်လွှင့်လျက်ရှိပြီး လုပ်ကြံဖန်တီးထားသည့် သတင်းများ၊ ကောလာဟလ သတင်းများကို အချိန်ကိုက် ဝါဒဖြန့်ချိလျက်ရှိရာ အခြေအမြစ်မရှိသည့် သတင်းအမှားများကြောင့် စိုးရိမ်ပူပန်မှု၊ အသိအမြင်လွဲမှားမှုများ မဖြစ်ပေါ်စေရန် မိဘပြည်သူများအနေဖြင့် စစ်မှုထမ်းဆိုင်ရာ သတင်းများသိရှိနိုင်စေရေး နိုင်ငံပိုင်မီဒီယာများ၊ စစ်မှုထမ်း




ဆိုင်ရာ အသိပညာပေး သတင်းများ၊ ထုတ်လွှင့်ချက်များနှင့် https://mod.gov.mm/node/74 တို့တွင် စဉ်ဆက်မပြတ် ထုတ်လွှင့်အသိပေးလျက်ရှိပြီး သိရှိလိုသည်များ၊ မရှင်းလင်းသည့် အကြောင်းအရာများနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဗဟိုအဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်များအဆင့် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်များသို့ ရုံးချိန်များအတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

### သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများ ပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “U Soe Tun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အတွင်းပဒံကျေးရွာနေ မြတ်စိုးထွန်းအား မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “U Nay” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အမှတ်(၇) ရပ်ကွက်နေ ဟိန်းဇော်ညီညီထွေး(ခ)ဟိန်းဇော်အား မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

### ဆက်လက်ဖော်ထုတ်အရေးယူသွားမည်

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အရည်အသွေးပြည့်ဝသော တန်ဖိုးမြင့်ဝါ စိုက်ပျိုးထုတ်လုပ်နည်းများ

စိုးမိုးဝင်း (စိုက်ပျိုးရေး)

ဝါသည် လူသားတို့၏ ဝတ်ရေးအတွက် အစဉ်အမြဲ လိုအပ်နေသော စက်မှုကုန်ကြမ်းသီးနှံတစ်မျိုး ဖြစ်သည်။ ဝါစိုက်ပျိုးထုတ်လုပ်ရာတွင် သာမန် စိုက်ပျိုးရုံမျှဖြင့် အရည်အသွေးပြည့်ဝသော တန်ဖိုးမြင့်ဝါများကို ထုတ်လုပ်နိုင်မည်မဟုတ်ပေ။ ဝါဂွမ်းသည် အထည်အလိပ်ထုတ်လုပ်သူများအတွက် ကုန်ကြမ်းပစ္စည်းဖြစ်သည်။ အခြားသီးနှံထွက်ကုန်များကဲ့သို့ပင် ဝါသီးနှံကိုလည်း ရောင်းဝယ်မှုပြုလုပ်ရန်အတွက် အရည်အသွေးလက္ခဏာ သတ်မှတ်ချက်များရှိသည်။

## ဝါသီးနှံအရည်အသွေး

ဝါသီးနှံသည် သဘာဝထုတ်ကုန်နှင့် ရာသီထုတ်ကုန်တစ်မျိုးဖြစ်သောကြောင့် ပင်ကိုအရည်အသွေးများဖြစ်သည့် ဂွမ်းမွေး၏ အတိုအရှည်၊ ခိုင်ခံ့ခြင်း၊ ညီညာခြင်း၊ အရောင်အဆင်းကောင်းခြင်းစသည့် ဂွမ်းမွေးအဆင့်အတန်းများ၊ ဝါဂွမ်းအရည်အသွေးများ၊ သန့်ရှင်းမှုနှင့် ညစ်ညမ်းမှု၊ ဂွမ်းမွေးအရည်အသွေးတည်ငြိမ်မှုတို့သည် မျိုးရိုးဗီဇ၊ ပတ်ဝန်းကျင်၊ ဝါကောက်ခြင်းနှင့် ဝါဂွမ်းထုတ်ယူခြင်းအချက်များကြောင့် များစွာပြောင်းလဲနိုင်သည်။ ထိုသို့သောပြောင်းလဲမှုများသည် ဝါစိုက်ခင်းမှ နောက်ဆုံးထုတ်ကုန်ထုတ်လုပ်သည့် ဝါအထည်အလိပ်လုပ်ငန်း ကွင်းဆက်တစ်ခုလုံးရှိ ပြုပြင်မွမ်းမံထုတ်လုပ်ခြင်းစွမ်းဆောင်ရည်၊ ကုန်ကျစရိတ်၊ အရည်အသွေးနှင့် အသုံးပြုမှုတို့အပေါ်တွင် သက်ရောက်မှုရှိနိုင်သည်။ အရေးကြီးဆုံးမှာ အထုပ်အတွင်းရှိ ဂွမ်းမွေးများသည် အရည်အသွေးတူညီပြီး ညစ်ညမ်းမှု သို့မဟုတ် အမှိုက်သရိုက် လုံးဝကင်းစင်ရမည်ဖြစ်သည်။

ဝါဂွမ်းမွေးအရည်အသွေးများသည် အဓိကအားဖြင့် စိုက်ပျိုးသည့်မျိုး၊ ရေမြေရာသီဥတု အခြေအနေနှင့် သီးနှံစိုက်ပျိုးမှုဆိုင်ရာ စီမံခန့်ခွဲမှုနည်းလမ်းများအပေါ် မူတည်သည်။ မျိုးသည် အရေးအကြီးဆုံးသော အချက်ဖြစ်သည်။ မျိုးသည် ဂွမ်းမွေးအရည်အသွေးလက္ခဏာရပ်များ အားလုံးနီးပါးကို ဆုံးဖြတ်ပေးသည်။ ပတ်ဝန်းကျင်သည် ဝါမျိုးတစ်မျိုး၏ ဂွမ်းမွေးအရည်အသွေးထုတ်လုပ်နိုင်သော စွမ်းရည်ကို ကန့်သတ်နိုင်သည်။ ရာသီဥတုအခြေအနေများနှင့် စိုက်ပျိုးနည်းစနစ်များသည် ဂွမ်းမွေးအလျား၊ ရင့်ခြောက်မှုနှင့် ခိုင်ခံ့မှုတို့အတွက် အရေးကြီးသည်။ ဝါဂွမ်းအရည်အသွေးသည် ဝါသီးလုံးပွင့်သည့်နေ့တွင် အကောင်းဆုံးအနေအထားဖြစ်သည်။ ထို့နောက်တွင် ဝါ၏အရည်အသွေးကို မြှင့်တင်ရန် ဘာမျှမလုပ်နိုင်တော့ပေ။ သို့သော် နောက်ပိုင်းဆောင်ရွက်မှုအားလုံးသည် ဝါ၏အရည်အသွေးကို အဆိုးဆုံးအဖြစ် ပြောင်းလဲစေနိုင်သည်ကို သိထားရပါမည်။

ဝါဂွမ်း အရည်အသွေး ပိုကောင်းလေလေ ချည်မျှင်အရည်အသွေး ပိုကောင်းလေဖြစ်ပြီး ပြုပြင်မွမ်းမံထုတ်လုပ်သည့်စွမ်းရည် ပိုမိုမြင့်မားပါလိမ့်မည်။ ဝါဂွမ်းအရည်အသွေးများအနက်မှ ဂွမ်းမွေးအလျားသည် ချည်မျှင်ထုတ်လုပ်နိုင်သည့် စွမ်းရည်အပေါ် ကြီးမားစွာသက်ရောက်နိုင်သည်။ ဂွမ်းမွေးရှည်လျှင် ချည်ချောဆွဲနိုင်၍ အထည်ချောရက်နိုင်သည်။ ဂွမ်းမွေးတိုလျှင် ချည်ကြမ်းကိုသာ ဆွဲနိုင်သည်။ ဂွမ်းမွေးအလျားကို အကြမ်းတိုင်းတာနည်းမှာ ဝါစေ့ကို အလယ်ဗဟိုထား၍ ဖွာထွက်နေသည့်အမျှင်များကို တိုင်းတာသည်။ ဝါကလေးနှင့် ဝါကြီးမျိုးတို့၏ ဂွမ်းမွေးသည် လက်မဝက်မှ ခုနစ်လက်မ၊ ရှစ်လက်မအထိရှည်၍ ချည်မျှင်ရှည်ဝါ၏ ဂွမ်းမွေးသည် တစ်လက်မမှ တစ်လက်မကျော်အထိရှည်သည်။ ဂွမ်းမွေးချောမွေ့မှုနှင့် ခိုင်မာမှုတို့သည် ဂွမ်းမွေးအလျားနှင့် ယေဘုယျအားဖြင့် အပြန်အလှန် ဆက်စပ်မှုရှိနေပါသည်။

## ဝါဂွမ်းညစ်ညမ်းမှု

ညစ်ညမ်းမှုသည် ဝါဂွမ်းအရည်အသွေးကို ဆိုးကျိုးဖြစ်စေသော ပြဿနာများထဲမှ တစ်ခုဖြစ်သည်။ စိုက်ပျိုးသည့်အချိန်မှ ဝါကောက်သိမ်းသည့်အချိန်အထိ ဝါဂွမ်းထဲသို့ ပြင်ပအမှိုက်သရိုက်များဝင်ရောက်ရန် လမ်းများရှိရာ နောက်ဆုံးတွင် ချည်ငင်ခြင်းလုပ်ငန်းအဆင့်ဆင့်ကို ဖြတ်ကျော်ပြီးသည့်နောက် ချည်မျှင်ထဲတွင် ပါသွားသည်။ ဝါဂွမ်းကို ဖွင့်ကြည့်ခြင်းနှင့် သန့်ရှင်းခြင်းလုပ်ငန်းများသည် ဝါဂွမ်းမျှင်ကို ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းစဉ်များတွင် အန္တရာယ်ပေးနိုင်သောဆိုးကျိုးများ မဖြစ်ပေါ်စေရန် ညစ်ညမ်းမှုများကို ဖယ်ထုတ်ခြင်းဖြစ်သည်။ အချို့ညစ်ညမ်းမှုများသည် ဝါဂွမ်းမျှင်နှင့် အလားသဏ္ဍာန်တူပြီး ဝါဂွမ်းထဲတွင် တည်ရှိနေကြသည်။ အချို့ညစ်ညမ်းမှုများသည် ဝါဂွမ်းထဲတွင်မြုပ်နေပြီး ပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းစဉ်ကို ထိခိုက်ရုံသာမက နောက်ဆုံး ထုတ်ကုန်ထဲအထိပါလာပြီး ဆိုးကျိုးဖြစ်စေသည်။ ဝါဂွမ်းကုန်ကြမ်း ညစ်ညမ်းမှုသည် တန်ဖိုးကွင်းဆက် တစ်လျှောက်လုံး အဆင့်တိုင်းတွင် ဖြစ်ပေါ်နိုင်သည်။ ဥပမာ စိုက်ကွင်းအတွင်း၊ သိုလှောင်ရုံအတွင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဝါဖန်ခြင်း စသည့်အဆင့်များတွင် ညစ်ညမ်းမှုများ ဖြစ်ပေါ်နိုင်သည်။

## စိုက်ကွင်းအတွင်း ညစ်ညမ်းမှု

စိုက်ကွင်းအတွင်းတွင် ဝါဂွမ်းကိုင်တွယ်စဉ်နှင့် ဝါကောက်ရာတွင် ဝါဂွမ်းမဟုတ်သော ပစ္စည်းများသည် အသုံးပြုသောအိတ်များမှပါလာပြီး ဝါဂွမ်းကို ညစ်ညမ်းမှုဖြစ်စေသည်။ ဝါကောက်ရာတွင် ပေါ်လီပရိုပလင်း (Polypropylene) ဟုခေါ်သော အပူထိန်းပလတ်စတစ်ဖော့ဖြူအိတ်မျိုးကို အသုံးပြုခြင်းနှင့် နာနတ်လျှော်ကြိုးများကို အသုံးပြုခြင်းသည် ဝါကို ညစ်ညမ်းမှုများဖြစ်စေသည်။ နှင်းပေါက်နှင်းစက်များ မခြောက်သွေ့မီ နံနက်စောစောဝါကောက်ခြင်း၊ အလေးချိန်တိုးရန် သိုလှောင်စဉ်



အကျႌများတွင် ပါဝင်သော ညစ်ညမ်းမှုများ။

တွင် ရေနှင့်သဲများထည့်ခြင်း၊ သယ်ယူပို့ဆောင်နေစဉ်တွင် ဟောင်းနွမ်းစုတ်ပြတ်နေသော ဂုန်နီအိတ်၊ ဂုန်လျှော်အိတ်များကို အသုံးပြုခြင်း၊ အရည်အသွေးမမီသော ဝါဂွမ်းများကို ရောင်းချခြင်းတို့သည် ဝါဂွမ်းအရည်အသွေးကို တိုက်ရိုက်ထိခိုက်စေသည်။

## ဝါကောက်ခြင်းတွင် သတိပြုစရာ

အခြားပစ္စည်းများပါဝင်သည့် ညစ်ညမ်းမှုသည် လက်ဖြင့်ဝါကောက်ခြင်းတွင် စိုးရိမ်စရာဖြစ်သည်။ လက်ဖြင့်ဝါကောက်သောအခါ ဝါကောက်စဉ်၊ သိုလှောင်စဉ်၊ ကိုင်တွယ်စဉ်နှင့် သယ်ယူပို့ဆောင်စဉ်တွင် ညစ်ညမ်းမှုများ ဝင်ရောက်နိုင်သည်။ ပြင်ပပစ္စည်းများ ပါဝင်ခြင်းကြောင့် ဝါကုန်ကြမ်းပစ္စည်း ညစ်ညမ်းမှုသည် ချည်မျှင်အရည်အသွေးနှင့် အထည်သား၊ ရက်ထည်ထုတ်လုပ်သူများအတွက် အဓိကပူပန်ရသောအချက်ဖြစ်သည်။ ချည်ငင်သူများသည် စက်ဖြင့်ကောက်သောဝါကို လက်ဖြင့်ကောက်သောဝါထက် ပိုမိုနှစ်သက်ကြသည်။ အရည်အသွေးကိုအဓိကထားသော ဝါစက်ရုံများသည် ဝါမှ ချည်မျှင်ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်တစ်လျှောက် ညစ်ညမ်းမှုကြောင့် အန္တရာယ်ဖြစ်ပေါ်မှုကို ရှောင်ရှားရန် လက်ဖြင့်ကောက်သောဝါကို မဝယ်ကြပါ။

## ဝါဂွမ်းထုတ်ယူရာတွင် ညစ်ညမ်းမှု

ဝါဂွမ်းထုတ်ယူခြင်းအဆင့်တွင် အစေ့များ၊ အစေ့ခွံအပိုင်းအစများ၊ ဆီနှင့် အမဲဆီ၊ ချောဆီတို့သည် မလိုလားအပ်သော ညစ်ညမ်းမှုများဖြစ်သည်။ တစ်ခါတစ်ရံ စက်ပစ္စည်းအစိတ်အပိုင်းများ၊ ဘောထုပ်ချည်ကြိုးအပိုင်းအစများနှင့် အခြားပစ္စည်းအပိုင်းအစတို့သည် ဝါဘောထုပ်များအတွင်း ပါဝင်နေသည်ကို တွေ့ရသည်။ ၎င်းပစ္စည်းများသည် ကြိတ်သည့်စက်ပစ္စည်းများကို ဆိုးရွားစွာထိခိုက်စေပြီး မလိုလားအပ်သော စက်ပြင်ကုန်ကျစရိတ်ကို ပိုမိုကုန်စေသည့်အပြင် မတော်တဆ မီးလောင်တတ်ပါသည်။

ညစ်ညမ်းမှုအရင်းအမြစ်များအနေဖြင့် ငါးမျိုးဖြစ်နိုင်ပါသည်။

## အဖြူရောင်ညစ်ညမ်းမှု

အဖြူရောင်ဖြစ်သည့်အတွက် ဝါနှင့်ရောနေလျှင် ခွဲခြားရခက်ခဲပါသည်။ ဝါဂွမ်းထဲတွင် ပါဝင်လာနိုင်သော ပစ္စည်းများမှာ အဖြူရောင် ပလတ်စတစ်အမျှင်များ၊ အဖြူရောင်ပလတ်စတစ်ကြိုးများ၊ အဖြူရောင်ဖလင်ပြားများ၊ ဖောက်ထွင်းမြင်နိုင်သောဖလင်ပြားများစသည်တို့ ဖြစ်နိုင်ပါသည်။

## ပြင်ပအမျှင်များ

ဝါဂွမ်းမျှင်အပြင် ဝါဂွမ်းမျှင်မဟုတ်သော ပြင်ပမှ အမျှင်များသည် ဝါဂွမ်းထဲတွင် ရောပါလာနိုင်သည်။ ၎င်းတို့မှာ ဆံပင်၊ အမွေး၊ အရောင်ရှိသော အမျှင်များ၊ ဂုန်လျှော်ချည်မျှင်နှင့် အရောင်ရှိသော ပလတ်စတစ်အမျှင်များ စသည်တို့ ဖြစ်သည်။

## အရောင်ရှိသောပစ္စည်းများ

အရောင်ရှိသောအမျှင်များ၊ အရောင်ရှိသော ချည်မျှင်များ၊ ဂုန်လျှော်အမျှင်များ၊ အုန်းဆံမျှင်၊ အရောင်ရှိသော ပလတ်စတစ်အမျှင်များ၊ အရောင်ရှိသော ပလတ်စတစ်ကြိုးများ၊ ဖလင်ကော်ပြားများ စသည်တို့သည် ဝါထဲတွင်ပါဝင်နိုင်ပြီး ညစ်ညမ်းမှုဖြစ်နိုင်သည်။

## ဆီကဲ့သို့သော ပစ္စည်းများ

ဆီကဲ့သို့ ချောနေတတ်ပြီး အရည်များစိုနေတတ်သော ပစ္စည်းများဖြစ်သည့် တုတ်ချောင်း၊ သစ်ကိုင်းငယ်များ၊ အရွက်များ၊ ဆီချေးအညှိတက်သော သို့မဟုတ် ကတ္တရာဆေး/ အမဲဆီပါဝင်သော ဝါစုများ စသည်တို့ကြောင့် ညစ်ညမ်းမှုဖြစ်နိုင်ပါသည်။

## သိပ်သည်းသောပစ္စည်းများ

သိပ်သည်းပြီးမာကျောသော ပစ္စည်းများဖြစ်သည့် သတ္တုအပိုင်းအစများ၊ စာရွက်၊ ကျောက်ခဲ၊ သားရေစ၊ သစ်သားအပိုင်းအစများသည်လည်း ဝါထဲတွင်ပါဝင်ကာ ညစ်ညမ်းမှု ဖြစ်နိုင်ပါသည်။

## အရည်အသွေးမြင့် ဝါထုတ်လုပ်ရန် စိုက်ပျိုးနည်းများ

အရည်အသွေးမြင့်ဝါ ထုတ်လုပ်ရန်အတွက် တန်ဖိုးကွင်းဆက်တစ်လျှောက်တွင် ပါဝင်သောသူများအားလုံးသည် စိုက်ပျိုးရေးနည်းလမ်းကောင်းများကို အသုံးပြုရမည်။ စိုက်ခင်းမှစ၍ ဝါကောက်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် သိုလှောင်ခြင်းလုပ်ငန်းစဉ်များတွင် ဝါ၏ အရည်အသွေးကို ထိန်းသိမ်းထားနိုင်ရမည်။ ညစ်ညမ်းမှုများသည် တန်ဖိုးကွင်းဆက်တစ်လျှောက်လုံးရှိ *စာမျက်နှာ ၁၇ သို့*

“ဝါဂွမ်းမွေးအရည်အသွေးများသည် အဓိကအားဖြင့် စိုက်ပျိုးသည့်မျိုး၊ ရေမြေရာသီဥတုအခြေအနေနှင့် သီးနှံစိုက်ပျိုးမှုဆိုင်ရာ စီမံခန့်ခွဲမှုနည်းလမ်းများအပေါ် မူတည်သည်။ မျိုးသည် အရေးအကြီးဆုံးသောအချက်ဖြစ်သည်။ မျိုးသည် ဂွမ်းမွေးအရည်အသွေးလက္ခဏာရပ်များ အားလုံးနီးပါးကို ဆုံးဖြတ်ပေးသည်။ ပတ်ဝန်းကျင်သည် ဝါမျိုးတစ်မျိုး၏ ဂွမ်းမွေးအရည်အသွေးထုတ်လုပ်နိုင်သော စွမ်းရည်ကို ကန့်သတ်နိုင်သည်။ ရာသီဥတုအခြေအနေများနှင့် စိုက်ပျိုးနည်းစနစ်များသည် ဂွမ်းမွေးအလျား၊ ရင့်ခြောက်မှုနှင့် ခိုင်ခံ့မှုတို့အတွက် အရေးကြီးသည်။ ဝါဂွမ်းအရည်အသွေးသည် ဝါသီးလုံးပွင့်သည့်နေ့တွင် အကောင်းဆုံးအနေအထားဖြစ်သည်။ ထို့နောက်တွင် ဝါ၏အရည်အသွေးကိုမြှင့်တင်ရန် ဘာမျှမလုပ်နိုင်တော့ပေ။ သို့သော် နောက်ပိုင်းဆောင်ရွက်မှုအားလုံးသည် ဝါ၏အရည်အသွေးကို အဆိုးဆုံးအဖြစ် ပြောင်းလဲစေနိုင်သည်ကို သိထားရပါမည်”

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

# ကမ္ဘာ့လူဦးရေနေ့

“ထိခိုက်လွယ်သူ ဖေးမကူ၊ အရေးပေါ်က စောင့်ရှောက်ကြ”

“Helping vulnerable populations in emergencies”

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်



## စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်ရုံးဝင်းအတွင်း ၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

မုံရွာ ဇူလိုင် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီး တရားလွှတ်တော်ရုံးဝင်း အတွင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်ဦးဇော်ထူးနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများထံသို့ စိုက်ပျိုးမည့်ပျိုးပင်များကို ပေးအပ်ခဲ့ကာ ရတနာတန်းဝင်ကျွန်းပင်များကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ယင်းနောက် တိုင်းဒေသကြီး တရားလွှတ်တော်နှင့် ဌာနဆိုင်ရာများက ကျွန်းပင်နှင့် အခြားသစ်မာမျိုးစုံ အပင် ၈၀ စုပေါင်းစိုက်ပျိုးနေမှုကို တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးသည်။

ခရိုင် (ပြန်/ဆက်)

## ပွင့်ဖြူမြို့နယ်၌ ရေဝတီမြစ်ရေဝင်ရောက်မှုကြောင့် စာသင်ကျောင်းနှစ်ကျောင်း ယာယီပိတ်ထားရ

ပွင့်ဖြူ ဇူလိုင် ၁၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ရေဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် အခြေခံပညာစာသင်ကျောင်း နှစ်ကျောင်းတွင် မြစ်ရေများ ဝင်ရောက်ခဲ့သဖြင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် ဇူလိုင် ၁၀ ရက်မှစပြီး ယာယီပိတ်ထားခဲ့ရကြောင်း ပွင့်ဖြူမြို့နယ် ပညာရေးမှူးရုံးမှ သိရသည်။

မြစ်ရေ ဝင်ရောက်မှုကြောင့် ယာယီပိတ်ထားရသည့် အခြေခံပညာကျောင်းများမှာ သံကိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ကူကြီးကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတို့ဖြစ်ပြီး ယင်းစာသင်ကျောင်းများရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် မြစ်ရေပြန်လည်ကျဆင်းသည်အထိ ယာယီပိတ်ထားမည်ဖြစ်ကြောင်းနှင့် မြစ်ရေကျဆင်းချိန်တွင် ပြန်လည်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ယာယီပိတ်ထားရသည့် စာသင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများ စာသင်ချိန် သင်ခန်းစာ နောက်မကျစေရေး ကျောင်းပြန်လည်ဖွင့်ချိန်တွင် စာသင်ရက်များ အစားထိုး၍ စနစ်တကျဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ပညာရေးမှူး ဒေါ်ညွန့်ညွန့်ဌေးထံက သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)



## ပခုက္ကူမြို့ရှိ ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ကူညီ

ပခုက္ကူ ဇူလိုင် ၁၀

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ် (၁၀) ရပ်ကွက်အတွင်း ရေဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ရေဝင်ရောက်လျက်ရှိသည့် ရပ်ကွက်နေပြည်သူ အိမ်ထောင်စုများအား ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီအသင်းတို့ပူးပေါင်း၍ ယမန်နေ့ မွန်းလွဲ ၂ နာရီက ဘေးလွတ်ရာသို့ ကူညီပြောင်းရွှေ့ပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။



ပခုက္ကူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းဝင်များပူးပေါင်း၍ ပခုက္ကူမြို့၊ အမှတ် (၁၀) ရပ်ကွက်အတွင်း ရေဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ရေဝင်ရောက်လျက်ရှိသည့် ရပ်ကွက်နေပြည်သူ အိမ်ထောင်စု ၂၅စု၊ လူဦးရေ ၁၀၆ ဦးတို့အား လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဘေးလွတ်ရာနေရာများသို့ ကူညီပြောင်းရွှေ့ပေးခြင်း၊ ဆန်နှင့် ရိက္ခာဖိုး ငွေကျပ် ၂၂၆၀၀ တို့ကို ထောက်ပံ့ပေးအပ်ခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဘာမီသာ (ပခုက္ကူ)

*စာမျက်နှာ ၁၆ မှ*

အဆင့်များတွင် ဖြစ်ပေါ်နိုင်သောကြောင့် အရည်အသွေးကောင်းသောဝါများကိုရရှိရန် အောက်ပါနည်းလမ်းများကို လိုက်နာရမည်။

### စိုက်ပျိုးခြင်း

အရည်အသွေးကောင်းသော ဝါမျိုးများကိုသုံးပါ။ မျိုးစေ့ဆောင်ရောဂါများကို ကာကွယ်ရန် သင့်တော်သောမှိုသတ်ဆေးဖြင့် မျိုးစေ့ကို လူးနယ်စိုက်ပျိုးပါ။ အပြည့်အဝရင့်မှည့်စေရန် သင့်တော်သော ပင်ကြားတန်းကြားအကွာအဝေးဖြင့်စိုက်ပါ။ ပေါင်းနှိမ်နင်းခြင်းကို အချိန်မှန်ဆောင်ရွက်ပါ။ ပိုးမွှားထိခိုက်မှုကိုထိန်းချုပ်ရန် ဘက်စုံပိုးမွှားစီမံခန့်ခွဲမှုကို အသုံးပြုပါ။

### ဝါကောက်ခြင်း

ဝါမကောက်ခင် စိုက်ခင်းတစ်ခုလုံးမှ လေတိုက်ပြီး လွင့်ပါသွားနိုင်သောပစ္စည်းများ၊ ကောက်ထားသောဝါပုံကို ညစ်ညမ်းမှုဖြစ်နိုင်သော ပစ္စည်းများကို စစ်ဆေးပြီး ဖယ်ရှားပါ။ ဝါစိုက်ခင်းတစ်ခုလုံး၏ အနည်းဆုံး ဝါသီး ၅၀ ရာခိုင်နှုန်း ပွင့်ပြီးမှသာ ဝါကောက်ခြင်းကို ဆောင်ရွက်သင့်သည်။ ဝါသီးလုံး အပြည့်အဝရင့်မှည့်ပြီး ပွင့်နေလျှင် ဝါများကို ကောက်ပါ။ နောက်ကျမှ ဝါကောက်လျှင် ဝါအရည်အသွေး ပျက်စီးနိုင်သည်။ နံနက်ခင်းမှာ ကျရောက်သောနှင်းများ အငွေ့ပြန်ပြီးနောက်မှသာ ဝါကောက်ခြင်းကို စတင်ဆောင်ရွက်ပါ။ ဝါကောက်သူများသည် မျဉ်းပုံစံ ဖြောင့်တန်းစွာနေပြီး အတူတကွရှေ့သို့ ချီတက်ကာ ဝါကောက်သင့်သည်။ သို့မှသာ ဝါကောက်သူအားလုံးသည် နီးကြားနေပြီး အလွယ်တကူ ကြီးကြပ်နိုင်မည်။

အပင်အောက်ခြေရှိ ဝါသီးများမှ စတင်ကောက်ပါ။ သို့မှသာ အပင်အပေါ်ပိုင်းမှ ဝါသီးများကို ကောက်ရာတွင် အောက်မှ ဝါသီးများအပေါ်သို့ အရွက်များကြွေကျခြင်းကို ရှောင်ရှားနိုင်မည်။ ဝါသန့်ရှင်းမှုကို ထိန်းသိမ်းနိုင်ရန်အတွက် ရောဂါရနေသော၊ စွန်းထင်းနေသော၊ မာနေသော ဝါသီးများနှင့် မြေကြီးမှကောက်ယူထားသော ဝါများကို သီးခြားအိတ်ဖြင့်ထည့်ထားပါ။ ကောက်ပြီးသော ဝါများကိုသိုလှောင်ရန် စိုက်ခင်းမှအိမ်သို့ သယ်ယူပို့ဆောင်ရာတွင် ချည်ထည်အိတ်များဖြင့် ထည့်ပါ။ ဝါများကို ညစ်ညမ်းမှုကင်းဝေးသောနေရာ၌ သိမ်းဆည်းပါ။ ဝါများကို အဆင့်အလိုက် ခွဲခြားသိမ်းဆည်းထားပါ။ ဝါများကို ရောင်းချသည့်နေရာသို့ သယ်ယူပို့ဆောင်ရာတွင် ချည်ထည်အိတ်များဖြင့် ထည့်ပါ။

### သိုလှောင်ခြင်း

သိုလှောင်မည့်နေရာသည် သန့်ရှင်းရမည်။ ခြောက်သွေ့ရမည်။ ကွန်ကရစ်ခင်းထားသော ကြမ်းပြင်မရှိလျှင် မျက်နှာပြင်ကို ချည်ထည်စများဖြင့် ဖုံးထားပါ။ သိုလှောင်ထားသော ဝါပုံကို ညစ်ညမ်းမှုမဖြစ်စေရန် ချည်ထည်စများဖြင့် ဖုံးထားပါ။ စိုစွတ်သောဝါများကို အခန်းအတွင်း၊ ဂိုဒေါင်အတွင်း မသိုလှောင်ပါနှင့်။ သေးငယ်သည့် ပိုးမွှားများ ရှင်သန်ကြီးထွားပြီး ဝါအရောင်ပျက်ခြင်းနှင့် ထိခိုက်ခြင်းတို့ ဖြစ်စေနိုင်သည်။ အဆင့်မတူသောဝါကို သီးခြားခွဲ၍ သိုလှောင်ပါ။

### ရောင်းချမည့်နေရာသို့ သယ်ယူပို့ဆောင်ခြင်း

သန့်ရှင်းသောကားများဖြင့် သယ်ယူပို့ဆောင်ပါ။ မရင့်သေးသော၊ ပုပ်နေသော၊ ထိခိုက်မိသောဝါများကို ဖယ်ထုတ်ပါ။ သန့်ရှင်းမှုကို ထိန်းသိမ်းထားရန် အဆင့်တစ်မျိုးတည်းကိုသာ သယ်ယူပါ။ တစ်ကြိမ်တည်း အတူတူကောက်သောဝါများကို တစ်ကြိမ်စီသယ်ပါ။ နောက်ဆုံးအကြိမ်ကောက်သည့်ဝါများကို သီးခြားခွဲထားပါ။ သယ်ယူစဉ် ဝါများကို ချည်ထည်အစများဖြင့် ဖုံးအုပ်သယ်ယူပါ။ ထိုနည်းဖြင့် အဆင့်အတန်းမြင့်မားသည့် ဝါထုတ်လုပ်ရေးကို ဦးတည်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် ဝါသီးနှံအထွက်တိုးရေး ဦးစားပေးလုပ်ကိုင်လျက်ရှိပြီး အရည်အသွေးမြင့် ချည်ထည်များ ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်း ပြည်ပဈေးကွက်ဝယ်လိုအားရှိသည့် ချည်မျှင်ရှည်ဝါများ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ အထည်စက်ရုံများမှ လိုအပ်သည့် အရည်အသွေးကောင်းဝါများ ထုတ်လုပ်နိုင်ရေး၊ ဝါနှင့်ချည်မျှင်များ တင်သွင်းနေရမှုကို လျှော့ချနိုင်ရေး၊ ဝါသီးနှံတန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်ပြီး ဝါစိုက်တောင်သူများနှင့် ဝါလုပ်ငန်းရှင်များ၏ ကုန်ထုတ်လုပ်မှု မြင့်မားလာစေရေးတို့အတွက် စိုက်ပျိုးရေးနည်းလမ်းကောင်းများကို လိုက်နာကျင့်သုံးနိုင်စေရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

# မအူလေးပင်ကျေးရွာ၌ နှမ်းနှမ်းများ စတင်ရိတ်သိမ်းရောင်းချ



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျစ်ကိုင်းကျေးရွာအုပ်စုတွင် စပါး၊ ကုလားပဲနှင့် နှမ်း စသည့်သီးနှံများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ မအူလေးပင်ကျေးရွာတွင် နှမ်းသီးနှံများကိုလည်း စိုက်ပျိုးထားရှိကြောင်း၊ စိုက်ပျိုးရာတွင် မျိုးအနေဖြင့် နှမ်းအနီမျိုးနှင့် နှမ်းအဖြူမျိုးများကို စိုက်ပျိုးထားရှိကြောင်း၊ နှမ်းသီးနှံများကို ဧပြီလတွင် စတင်စိုက်ပျိုးပြီး ဇူလိုင်လ လဆန်းပိုင်းတွင် စတင်ရိတ်သိမ်းလျက်ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ ရိတ်သိမ်းခနှင့် လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းကျပ် ၄၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၀-၁၁ တင်းခန့်ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် နှမ်းအနီ တစ်တင်းလျှင် ကျပ် ၁၁၅၀၀၀ ဖြင့် လည်းကောင်း၊ နှမ်းအဖြူ တစ်တင်းလျှင် ကျပ် ၁၂၅၀၀၀ ဖြင့် လည်းကောင်း ရောင်းချရကြောင်း၊ အကျိုးအမြတ်အနေဖြင့် နှမ်းအနီတစ်ဧကလျှင် ကျပ် ၈၆၅၀၀၀ ခန့်၊ နှမ်းအဖြူ တစ်ဧကလျှင် ကျပ် ၉၇၅၀၀၀ ခန့် ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွင့်ဖြူမြို့နှင့် မင်းဘူးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း နှမ်းနှမ်းစိုက်တောင်သူတစ်ဦးထံမှ သိရှိရသည်။

**DOCA (မကွေး)**

# ကန့်ဘလူမြို့နယ်ထွက် မတ်ပဲသီးနှံများ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် စပါး၊ ဆီထွက်သီးနှံများနှင့် ပဲအမျိုးမျိုး စိုက်ပျိုးလျက်ရှိရာ မတ်ပဲသီးနှံများကိုလည်း စိုက်ပျိုးထားရှိကြောင်း၊ လက်ရှိအချိန်တွင် မတ်ပဲသီးနှံများ ဈေးကွက်အတွင်းသို့ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဇူလိုင်လ ပထမပတ်အတွင်း၌ မတ်ပဲ(ဂျပန်)တစ်တင်းလျှင် ကျပ် ၉၀၀၀၀ ဖြင့် လည်းကောင်း၊ မတ်ပဲရိုးရိုး တစ်တင်းလျှင် ကျပ် ၉၇၀၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကန့်ဘလူခရိုင်မှ ထွက်ရှိသော မတ်ပဲများကို မန္တလေးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်တွင် မတ်ပဲဈေးနှုန်းသည် ယခင်နှစ်ထက် ပိုမိုကောင်းမွန်၍ အရောင်းအဝယ်ဖြစ်လျက်ရှိသောကြောင့် မတ်ပဲစိုက်တောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်များ ရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**



# ပခုက္ကူမြို့နယ်၌ ဈေးကွက်ဝင်ဆေးရွက်ကြီး စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များစွာရရှိ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်အတွင်းရှိ ကုက္ကိုလှ၊ ကျွန်းညိုကြီး၊ သံပုရာပင်ကုန်း၊ မြင်းကျွန်း၊ ကျွန်းညို၊ မှိုက်ပင်ကုန်း၊ တင်းဂပ်ကျေးရွာအုပ်စုများတွင် ပြည်တွင်းဈေးကွက်ခိုင်မာမှုရှိသော ဗမာဆေးရွက်ကြီးကို မြစ်ရေဝင်ကိုင်းကျွန်းမြေများ၌ စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

ဆေးရွက်ကြီးစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် ပျိုးခုံဝယ်ယူခ၊ သွင်းအားစုများ ရိတ်သိမ်းခနှင့် လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းကျပ် ၃၅ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးချိန်ရာသီနှင့် သွင်းအားစုသုံးစွဲပုံ မတူညီခြင်းကြောင့် အထွက်နှုန်းကွဲပြားမှုရှိသော်လည်း၊ ယခုနှစ်တွင် ရာသီဥတုကောင်းမွန်ပြီး အထွက်နှုန်းကောင်းမွန်ခြင်းကြောင့် တစ်ဧကလျှင် ပျမ်းမျှအထွက်ပိဿာ ၁၁၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ဒေသတွင်း သီးနှံပေါက်ဈေးမှာ ဗမာဆေးရွက်ကြီး တစ်ပိဿာလျှင် ကျပ် ၉၀၀၀ ဖြင့် လည်းကောင်း၊ ဆေးရိုး တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဖြင့်လည်းကောင်း၊ ဆေးရွက်ကြီးပင်မှရရှိသောမျိုးစေ့မှာ တစ်ပြည်လျှင် ကျပ် ၂၀၀၀၀ ဖြင့်ရောင်းချရကြောင်း၊ ဝင်ငွေအနေဖြင့် တစ်ဧကလျှင် ကျပ် ၉၉ သိန်းရရှိရာ အကျိုးအမြတ်အနေဖြင့် ကျပ် ၆၄ သိန်းခန့်ရရှိကြောင်း၊ ယခုနှစ်တွင် ဆေးရွက်ကြီး အထွက်နှုန်းကောင်းမွန်ခြင်းနှင့် ဈေးနှုန်းကောင်းမွန်ခြင်းတို့ကြောင့် တောင်သူများအနေဖြင့် အကျိုးအမြတ်များစွာ ရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

ဈေးကွက်အနေဖြင့် ပခုက္ကူမြို့နယ်အတွင်းမှထွက်ရှိသော ဆေးရွက်ကြီးနှင့် ဆေးရိုးများကို ပခုက္ကူမြို့ပေါ်ရှိ ဆေးလိပ်ခုံလုပ်ငန်းရှင်များနှင့် ကွမ်းယာရောင်းဝယ်ရေး လုပ်ငန်းရှင်များမှ ဝယ်ယူလျက်ရှိသည့်အပြင် မြန်မာနိုင်ငံအောက်ပိုင်း ပုသိမ်၊ မြောင်းမြ၊ ဘိုကလေး၊ ဟင်္သာတမှ ဝယ်လက်များသည် ကျေးရွာများအထိဆင်း၍ နှစ်စဉ်ဝယ်ယူလျက်ရှိကြောင်း၊ ရောင်းလိုအား ဝယ်လိုအားကောင်းပြီး ပြည်တွင်းဈေးကွက်ခိုင်မာမှုရှိ၍ အကျိုးအမြတ်များစွာ ရရှိခြင်းကြောင့် တောင်သူများက ဆေးရွက်ကြီးပင်များကို နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။





**DOCA (မကွေး)**

# ကန့်ဘလူမြို့နယ် ပဲတီစိမ်းသီးနှံ ဈေးနှုန်းဈေးကွက်

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်သည် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထား လုပ်ကိုင်သော ဒေသတစ်ခုဖြစ်ရာ ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ထန်းကုန်းကျေးရွာ၊ မိုးကောင်းကျေးရွာ၊ ကံရိုးကျေးရွာနှင့် အခြားသောကျေးရွာများတွင် ပဲတီစိမ်းကို စိုက်ပျိုးကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပဲတီစိမ်းများ ဈေးကွက်အတွင်းဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဇူလိုင်လ ပထမပတ်အတွင်း အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများမှာ ပဲတီစိမ်း(ထွက်တိုး) တစ်တင်းလျှင် ကျပ် ၅၈၀၀၀၊ ပဲတီစိမ်း(ထွက်တိုး) အလုံးလှတစ်တင်းလျှင် ကျပ် ၆၁၀၀၀ ဖြစ်ပြီး ပဲတီစိမ်းမှာ အလုံးလှပြီး အကွဲအနာကင်းလျှင် ဈေးပိုမိုရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကန့်ဘလူခရိုင်မှ ထွက်ရှိသော ပဲတီစိမ်းများကို မန္တလေးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်တွင် ပဲတီစိမ်းဈေးနှုန်းသည် ယခင်နှစ်ထက် ပိုမိုကောင်းမွန်၍ အရောင်းအဝယ်ဖြစ်လျက်ရှိသောကြောင့် ပဲတီစိမ်းစိုက်တောင်သူများအနေဖြင့် ထိုက်သင့်သည့်အကျိုးအမြတ်များရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရှိရသည်။

**DOCA (စစ်ကိုင်း)**

## ၁၁.၇.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၅၆၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | - | ၁၇၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၄၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၃၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၅ | မော်လမြိုင် | ၃၀၀၀ | | ၅၀၀၀ | ၁၇၀၀၀ | ၆၁၀၀ | ၉၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၆၃၃၀ | ၁၃၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၆၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၆၅၀၀ | ၆၄၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၂၅၀၀ | ၁၃၅၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀ | ၈၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၁၀၀ | ၁၇၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၁၇၀၀၀ | ၅၇၉၀ | ၁၀၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၂၈၀၀ | ၁၈၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၅၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၅၀၀၀ | ၆၆၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၈၃၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၂၀၀ | | ၅၉၀၀ | ၁၆၀၀၀ | ၆၂၅၀ | ၁၁၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၇၀၀ | ၆၂၀၀ | ၆၀၀၀ | ၃၈၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၂၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၅၀၀၀ | ၆၃၀၀ | ၁၁၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၇၅၀ | ၈၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၉၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၄ | မကွေး | ၃၃၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၆၀၅၀ | ၁၁၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၄၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၈၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၉၀၀ | ၈၅၀၀ | ၂၆၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၃၀၀ | ၁၅၈၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၂၆၀၀ | ၁၃၄၀၀ | ၇၀၀၀ | ၈၅၀၀ | ၅၀၀ | ၈၀၀၀ | ၆၄၀၀ | ၆၂၀၀ | ၃၄၀၀ | ၅၂၀၀ | ၁၂၈၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၃၀၀ | ၁၆၂၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၃၂၀၀ | ၁၃၈၀၀ | ၇၂၀၀ | ၉၂၀၀ | ၅၀၀ | ၈၂၀၀ | ၆၄၀၀ | ၆၅၀၀ | ၃၆၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၂၅၀၀ | ၁၃၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၂၁၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် မုံရွာမြို့ အေးသာယာရပ်ကွက်ရှိ မီးဘေးသင့် ပြည်သူများအားတွေ့ဆုံ၍ ထောက်ပံ့ငွေများနှင့် ကယ်ဆယ်ရေးပစ္စည်းများပေးအပ်ခြင်းနှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက် ရေထိန်းတာပေါင်များအား လိုက်လံကြည့်ရှုစစ်ဆေး

**မုံရွာ ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၀ ရက် မွန်းလွဲပိုင်းတွင် မုံရွာမြို့ အေးသာယာရပ်ကွက် အောင်မြေလောကကျောင်းတိုက်ရှိ ဝါဆိုဓမ္မာရုံကြီး၌ ဇူလိုင် ၉ ရက်ည ၁၀ နာရီခွဲခန့်တွင် ပေါ့ဆမီးကြောင့် မီးလောင်မှုဖြစ်ပွားခဲ့သည့် အေးသာယာ ရပ်ကွက်ရှိ မီးဘေးသင့်ပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မီးဘေးသင့် အိမ်ထောင်စု ၃၂ စု၊ အိမ်ခြေ ၁၇ အိမ်၊ လူဦးရေ ၁၂၃ ဦးတို့အတွက် ကိုယ်စားလှယ်နှစ်ဦးထံ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြာဆံများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့က တစ်အိမ်လျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် အိမ် ၁၇ အိမ်အတွက် စုစုပေါင်း ငွေကျပ် ၅၁၀၀၀၀၀ ကို လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက စားသောက်ဖွယ်ရာများကို လည်းကောင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သည့် အိမ်ဆောက်ပစ္စည်း၊ ဆန်ရိက္ခာဖိုး ငွေကျပ် ၃၆၅၈၃၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပုံးများကိုလည်းကောင်း မီးဘေးသင့် ပြည်သူများထံ ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မီးဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြပြီး မီးလောင်မှုဖြစ်ပွားခဲ့သည့်နေရာအား သွားရောက်ကြည့်ရှုစစ်ဆေးကာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့အား ချင်းတွင်းမြစ်ရေ ရောက်ရှိမှုအခြေအနေနှင့် မြစ်ရေဝင်ရောက်မှု



မရှိစေရေးအတွက် ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများက ချင်းတွင်းမြစ်ရိုးတစ်လျှောက် ရေထိန်းတာပေါင်များအား အဆင့်မြှင့်တင် ဆောင်ရွက်နေမှုများနှင့် ရေစိမ့်ဝင်သည့်နေရာများကို သဲအိတ်များဖြင့် ကာရံနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပြီး ချင်းတွင်းမြစ်ရိုးတစ်လျှောက် ရေထိန်းတာပေါင်များ ကြံ့ခိုင်မှုရှိစေရေးတို့အား လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်းသိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

## အာဇာနည်ဗိမာန်သို့ လာရောက်မည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်လက္ခဏာများ ဖြစ်ပွားလာပါက အခမ်းအနားသို့ လုံးဝလာရောက်ခြင်းမပြုရန်၊

(၂) ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ် လက္ခဏာများ စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၃) အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပေးချက်အား တိကျစွာလိုက်နာဆောင်ရွက်ရန်။

## မန္တလေးတိုင်းဒေသကြီးတွင် စာနယ်ဇင်းအရောင်းဆိုင်ဖွင့်

**မန္တလေး ဇူလိုင် ၁၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် ဓမ္မသံတော်ဆင့် စာပေဖြန့်ချိရေးတို့ ပူးပေါင်းဆောင်ရွက်သည့် စာနယ်ဇင်း အရောင်းဆိုင်ဖွင့်ပွဲကို ဇူလိုင်လပထမပတ်က ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ တိုင်းသမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦး၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးထွန်းလှိုင်၊ ဓမ္မသံတော်ဆင့်စာပေဖြန့်ချိရေး ဦးကျော်စွာဝင်းတို့က စာနယ်ဇင်း အရောင်းဆိုင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများက စာနယ်ဇင်း အရောင်းဆိုင်အတွင်း ခင်းကျင်းရောင်းချသည့် ဗဟုသုတစာပေများ၊ ဗုဒ္ဓတရားတော်လာ ကျမ်းဂန်စာပေများနှင့် ဘာသာရေးဆိုင်ရာ ဗဟုသုတစာအုပ်စာပေများ၊ ရတနာပူရ မြန်မာ့လက်မှုနှင့် အနုပညာဗိမာန် အရောင်းဆိုင်တွင် ခင်းကျင်းပြသထားသည့် ပန်းဆယ်မျိုး မြန်မာ့ဆယ်ပွင့်ပန်းပြခန်းနှင့် အမှတ်တရပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။ **အာကာစိုး**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၇ - ၂၀၂၄

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၄၈၅ ကျပ် | ၂၅၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၉၁၅ ကျပ် | ၂၉၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၈၅ ကျပ် | ၂၇၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၁၅ ကျပ် | ၂၈၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **"မော်တော်ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်"** အသိပေးအပ်ပါသည်။

**နေပြည်တော်ယာဉ်**
**စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၈၀၀ | ၃၂၉ | ၂၈၉၉၄၀၀ |
| MTSH | ၃၃၅၀ | ၃၃၅၀ | ၁၅၁၀ | ၅၀၅၈၅၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၇၃ | ၅၉၈၆၀၀ |
| FPB | ၁၇၀၀ | ၁၆၅၀ | ၃၀၀၄ | ၄၉၆၆၅၅၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၃ | ၈၄၀၀ |
| EFR | ၁၈၀၀ | ၁၈၀၀ | ၁၇၅၂ | ၃၀၇၇၅၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၃၅၀၀ | ၃၅၀၀ | ၁၂၆၂ | ၄၄၁၇၀၀၀ |

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ရေကြီးခဲ့မှုအပေါ် နောင်တာလောရေလယ်ကျွန်းနှင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဇူလိုင် ၁၀**

ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြီးခဲ့သည့် ဇွန် ၃၀ ရက်နှင့် ဇူလိုင် ၁ ရက်တို့တွင် စံချိန်တင်မြစ်ရေကြီးမြင့်ခဲ့မှုအပေါ် ရေလွှမ်းမိုးခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်နှင့် နောင်တာလောရေလယ်ကျွန်း အခြေအနေတို့အား ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ဇူလိုင် ၁၀ ရက် နံနက် ၇ နာရီခွဲတွင် ကမ်းနားလမ်းမှတစ်ဆင့် အမြန်ရေယာဉ်များဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အမြန်ရေယာဉ်များနှင့် ဧရာဝတီမြစ်လယ်ရှိ နောင်တာလောရေလယ်ကျွန်းပေါ်သို့ သွားရောက်ပြီး ရေလယ်ကျွန်းပေါ်တွင် ရေကြီးနစ်မြုပ်ပြီး သစ်ပင်/ သစ်ကိုင်းများ ကျိုးကျမှုဖြစ်စဉ်များနှင့် ရေစီးကြောင်းနှင့် မျောပါလာသော သစ်ပင်ကြီးများ တင်ကျန်နေမှု အခြေအနေများ၊ သဲသောင်ဖြစ်ထွန်းမှု၊ ရေစီးကြောင်း ပြောင်းလဲမှုအပေါ် မြစ်ကြောင်းတစ်လျှောက် ရေထိန်းနံရံ/ ရေထိန်းတံခါးများ တည်ဆောက်နိုင်ရေးအတွက် မြေပြင်အခြေအနေ ကွင်းဆင်းတိုင်းတာစစ်ဆေးတွက်ချက်တင်ပြနိုင်ရေးတို့ကို ဆွေးနွေးဆောင်ရွက်ကြပြီး နောင်တာလော ရေလယ်ကျွန်းပေါ်တွင် နေထိုင်သော ဒေသခံများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ရေကြီးမြင့်အပေါ် ဆုံးရှုံးခဲ့မှုအခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ကြကာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် အမြန်ရေယာဉ်များဖြင့် မြစ်ကြီးနားမြို့ကမ်းပါးတစ်လျှောက် ကျောက်စီရေထိန်းနံရံများပေါ်တွင် ရေမြင့်တက်မှုအခြေအနေများနှင့် စည်ပင်သာယာဆိပ်၌ မြစ်ကမ်းပါးထိန်းသိမ်းနိုင်ရေး စိုက်ပျိုးထားသော ပျိုးပင်များ ပျက်စီးဆုံးရှုံးမှုကို ပြန်လည်ဖြည့်စွက် စိုက်ပျိုးနိုင်ရေးနှင့် မြစ်ကမ်းတစ်လျှောက် နုန်းမြေများတင်ကျန်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရသူ စိုင်းအောင်လှိုင်မြင့်၏ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၃ ခုနှစ်အတွင်း နယ်ဘက်ဆိုင်ရာအမှုထမ်းကောင်းခြင်းအတွက် ဂုဏ်ပြုချီးမြှင့်သည့် ဝဏ္ဏကျော်ထင်ဘွဲ့တံဆိပ်ရရှိခဲ့သည့် ဦးစိုင်းအောင်လှိုင်မြင့်အား ပြည်နယ်အစိုးရအဖွဲ့က ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားဖြစ်ပါကြောင်း၊ ဦးစိုင်းအောင်လှိုင်မြင့်သည် ကမ္ဘာ့ကြက်ခြေနီလောကတွင် အမြင့်မားဆုံးဆုဖြစ်သည့် ဟင်နရီဒူးနန့်ဘွဲ့ကို ကမ္ဘာပေါ်တွင် (၁၃) ယောက်မြောက်ရရှိခဲ့သည့် ပထမဆုံးသော မြန်မာနိုင်ငံသားဖြစ်ပါကြောင်း၊ ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဦးစိုင်းအောင်လှိုင်မြင့် ရရှိခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်သည့် ဝဏ္ဏကျော်ထင်ဘွဲ့ တံဆိပ်အား ၎င်း၏ ဇနီးဖြစ်သူ ဒေါ်စုစုခိုင်ထံ ချီးမြှင့်အပ်နှင်းရာ ဒေါ်စုစုခိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ၎င်းသည် ၁၉၈၅ ခုနှစ်တွင် ဦးနှောက်အကျိတ်တည်ရောဂါဖြင့် ဆုံးပါးခဲ့ခြင်းဖြစ်ကာ ၎င်း၏ ခန္ဓာအားဆေးတက္ကသိုလ်(၁)သို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည့် ပြည်ထဲရေးဝန်ကြီးဌာနက ဝန်ကြီးဌာနအောက်ရှိ မြစ်ကြီးနားမြို့ ရေဘေးသင့် တပ်ဖွဲ့ဝင်/ ဝန်ထမ်းများနှင့် မိသားစုဝင်များအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ ရေဘေးသင့်ဝန်ထမ်း ၁၃၅ ဦး၊ ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ၁၄၄ ဦး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ၁၄ ဦး၊ အကျဉ်းဦးစီးဌာနမှ ၃၈ ဦးတို့နှင့် မီးသတ်ဦးစီးဌာနမှ ၃၇ ဦး စုစုပေါင်းတပ်ဖွဲ့ဝင်/ ဝန်ထမ်း ၃၆၈ ဦးတို့အတွက် စုစုပေါင်းငွေကျပ် ၂၀၀၇၂၀၀၀ တန်ဖိုးရှိ ဆန် ငါးပြည်အိတ် ၃၆၈ အိတ်၊ ဆီ ၃၆၈ ပိဿာ၊ ကုလားပဲ ၃၆၈ ပိဿာနှင့် ကြက်ဥ ၃၆၈ ကတ်တို့ကို တပ်ဖွဲ့ဝင်/ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများထံ ထောက်ပံ့ပေးအပ်ကြရာ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန် များပြားစွာရွာသွန်းမှုကြောင့် လျှပ်တပြက်ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် ရေဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုအကြိမ်ရေ(၁၄၄) ကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၂၇၉)လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှု များပြားလှသည့် ဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေး မဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ၊

( ခ ) မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊

( ဂ ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိပါ၊

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ၊

( င ) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊

( စ ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်းအစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်း သတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်ကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ၊

( ခ ) တောင်ပေါ်ဒေသများ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်နိုင်ကြောင်းသတိပြုကြပါ၊

( ဂ ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ၊

(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ၊

( င ) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊

( ခ ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ၊

( ဂ ) သောက်သုံးရေသန့်(သို့) ကျိုချက်ထားသော ရေ(သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ၊

(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ မရှိ စစ်ဆေးပါ၊

( င ) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်၊

( စ ) ရေကြီးသော ဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများအနီးသို့ မသွားပါနှင့်၊

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊

( ဇ ) ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

( ခ ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

( ဂ ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

( င ) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

( စ ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလ သတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

( ဇ ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

( ဈ ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ဝ၆၇-၃၄ဝ၄၆၆၆၊ ဝ၆၇-၃၄ဝ၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**



## ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ငွေကျပ် ၄ ဒသမ ၈ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၆၀၃ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ငွေကျပ် ၄ ဒသမ ၈ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၆၀၃ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ သည် ဇူလိုင် ၈ ရက် ညနေ ၆ နာရီခွဲတွင် ကျိုင်းတုံမြို့နယ် မိုင်းပျဉ်း – ကျိုင်းတုံသွားကားလမ်း၊ ကျိုင်းဖောင်းရွာ အနီးတွင် မိုင်းပျဉ်းဘက်မှ ကျိုင်းတုံဘက်သို့ စိုင်းလင်းဦး မောင်းနှင်လာသည့် NISSAN ၁၂ ဘီးယာဉ်ကို သတင်းအရစစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် ပြောင်းအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော ဒေသကာလတန်ဖိုးငွေကျပ် ၄ ဒသမ ၈၂၄ ဘီလီယံ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၆၀၃ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း) များကို မိုင်းပျဉ်းမြို့မှ တာချီလိတ်မြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး(ဝဲပုံ) ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရန်ကုန်လှိုင်မြစ်အတွင်း ကျောက်တင်သင်္ဘောနှင့် သမ္ဗန် တိုက်မိ

**ရန်ကုန် ဇူလိုင် ၁၀**

ယနေ့ နံနက် ၈ နာရီခန့်က ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်အတွင်း၌ မောင်းသူအပါအဝင် ခရီးသည် ၁၇ ဦး တင်ဆောင်လာသော သမ္ဗန်တစ်စင်းသည် ကျောက်တင်သင်္ဘောနှင့် တိုက်မိပြီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်း ဆိပ်ကြီးဦးမြ၊ ငါးစင်ရပ်ကွက်နေ ဦးဇော်လင်း (၃၇) နှစ် မောင်းနှင်လာသည့် ခရီးသည် ၁၀ ဦးသာ တင်ဆောင်ခွင့်ရှိသည့် စက်တပ်သမ္ဗန်ပေါ်တွင် ခရီးသည် ၁၁ ဦး၊ ကျောင်းသားလေးဦး၊ ကျောင်းသူ တစ်ဦးတို့ကို တင်ဆောင်၍ ဆိပ်ကြီးဘက်ကမ်းမှ ဗားကရာဆိပ်သို့ မောင်းနှင်လာစဉ် လှိုင်မြစ်လယ်အရောက်၌ ရှမ်းရိုးမအမည်ရှိ ကျောက်တင်သင်္ဘောနှင့်တိုက်မိပြီး သမ္ဗန်မှာ တိမ်းမှောက်မှုဖြစ်ခဲ့သည်။

သမ္ဗန်တိမ်းမှောက်စဉ် အနီးရှိသင်္ဘောများ သမ္ဗန်များ ဝိုင်းဝန်းကယ်ဆယ်ရေးများ ဆောင်ရွက်နေစဉ် သတင်း ရလျှင်ရချင်း နံနက် ၈ နာရီ ၁၁ မိနစ်၌ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ပေးကြသည်။

ပူးပေါင်းကယ်ဆယ် ဆောင်ရွက်မှုကြောင့် ဦးဇော်လင်း အသက် (၃၇)နှစ်၊ ဦးလှမျိုးအောင် အသက်(၂၉)နှစ်၊ ဦးဇော်မျိုးပိုင် အသက်(၂၃)နှစ်၊ မောင်သက်ပိုင်စိုး အသက်(၁၇)နှစ်၊ မစုစုပို့ အသက် (၁၉)နှစ်၊ ဒေါ်မာမာဆွေ အသက် (၃၃)နှစ်၊ ဇင်သူအောင် အသက် (၁၅)နှစ်၊ မောင်သူထူးစံ အသက် (၁၅)နှစ်( Grade 6,ကျောင်းသား)၊ မောင်မင်းသန့်ဇင် အသက်(၁၅) နှစ်၊ (Grade 6, ကျောင်းသား) တို့ကို ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး၊ ဦးလှမျိုးအောင်၊ ဒေါ်မာမာဆွေ၊ မောင်ဇင်သူအောင်တို့ကို ရင်ဘတ်အောင့်ခြင်း၊ ခေါင်းမူး၊ အော့အန်ခြင်းတို့ကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လူမှုကူညီရေးကားဖြင့် ပို့ဆောင်ကူညီပေးခဲ့သည်။



ကျန်ရှိနေသေးသည့် ကျောင်းသားနှစ်ဦး၊ ကျောင်းသူ တစ်ဦး၊ ခရီးသည်ကျား နှစ်ဦး၊ မ နှစ်ဦး၊ စုံစမ်းဆဲ တစ်ဦး စုစုပေါင်း ရှစ်ဦးအား ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များ၊ ရေကြောင်းရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

အခင်းဖြစ်ရာသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ ရောက်ရှိပြီး ကြီးကြပ်ကွပ်ကဲမှုများပြုလုပ်ပေးခဲ့သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ဧရာဝတီနှင့် ချင်းတွင်းမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၀**

ယနေ့ နံနက် ၈ နာရီခွဲ တိုင်းထွာချက်များအရ **ဧရာဝတီမြစ်**ရေသည် ဗန်းမော်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့် (၁၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော်ခန့် (၄၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေ၀က်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မန္တလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် (၃၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေ၀က်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်ကိုင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် (၃၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေ၀က်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် (၂၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့် (၁၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် သပိတ်ကျင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခန့် (၉၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေ၀က်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ **ချင်းတွင်းမြစ်**ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခုနစ်ပေခွဲခန့် (၂၂၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၈ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေကျော်ခန့် (၁၈၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ရှစ်ပေခွဲကျော်ခန့် (၂၆၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၈ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကိုးပေခွဲခန့် (၂၈၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခုနစ်ပေခန့် (၂၁၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေခန့် (၁၇၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေ၀က်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် (၇၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၈ နာရီခွဲ တိုင်းထွာချက်များအရ **ဒုဋ္ဌဝတီမြစ်**ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် (၃၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေ၀က်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**နန့်ယင်းချောင်း**ရေသည် မိုးကောင်းမြို့တွင် ၅၉၄ စင်တီမီတာသို့ ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာအောက်သို့ ပြန်လည်ကျဆင်းပြီးဖြစ်သည်။

**နန့်ကောင်းချောင်း**ရေသည် မိုးကောင်းမြို့တွင် ၅၈၅ စင်တီမီတာသို့ရောက်ရှိနေပြီး ယင်းမြို့၏စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာအောက်သို့ ပြန်လည်ကျဆင်းပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်၊ ကသာမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ မန္တလေးမြို့နှင့် မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။**မိုး/ဇလ**




### အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ သက္ကယ်ချောင်းကျေးရွာနေ ဦးထွန်းမြင့်အောင် (၁၄/ပသရ(နိုင်)၀၈၇၁၀၇) ပိုင်ဆိုင်သော ယာဉ်အမှတ် AYY-16288, Honda PCX 150 မော်တော်ဆိုင်ကယ်သည် ၃၁-၇-၂၀၂၃ရက်တွင် လုယူခံရပြီး ပျောက်ဆုံးသွားခဲ့ပါသည်။ ၎င်းဆိုင်ကယ်နှင့်အတူ ဆိုင်ကယ်လိုင်စင်နှင့် စာရွက်စာတမ်းများပါရှိသွားခဲ့ပါသည်။ ယခုအခါ မော်တော်ဆိုင်ကယ်လက်ဝယ်ပြန်လည်ရရှိခဲ့ပြီး ဖြစ်ပါ၍ ဆိုင်ကယ်လိုင်စင်နှင့် အခြား စာရွက်စာတမ်းများအား သက်ဆိုင်ရာရုံးဌာနများသို့ ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ပိုင်ရှင် ဦးထွန်းမြင့်အောင် (၁၄/ပသရ(နိုင်)၀၈၇၁၀၇)**

### မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့၊ အထက(၁) G-11မှ မောင်နိုင်လင်းထွန်းနှင့် အထက(၂) G-6မှ မနန်းပြည့်လျှံတို့၏ မိဘအမည်မှန်မှာ ဖခင်အမည် ဦးအောင်အောင် ၉/သစန(နိုင်)၁၅၂၉၀၄နှင့် မိခင်အမည် ဒေါ်ကြည်ကြည်ဇင် ၉/သစန (နိုင်)၁၃၃၆၈၄ ဖြစ်ပါကြောင်း။

### အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ အထက(ခွဲ) ဘုရားငါးဆူကျောင်း Grade-9 မှ ဦးညွန့်ဝင်း ၉/သစန (နိုင်)၁၈၀၂၂၀ ၏သမီး မဖြိုးဖြိုးဝင်း၏ အမည်မှန်မှာ မမျိုးမျိုးဝင်း ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ အထက(ခွဲ) နွားထိုးကျောင်း Grade-6 တွင် ပညာသင်ကြားနေသော မခင်သွယ်အေး၏ ဖခင်အမည်မှန်မှာ ဦးကိုရဲ ၉/သစန(နိုင်)၂၂၅၄၈၅ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ မဒေါက်မြို့ အထက မဒေါက်ကျောင်း Grade-6မှ စောကျော်ထက်ပိုင်၏ ဖခင်အမည်မှန်မှာ စိုင်းကျော်သူရ ၁၀/ကထန (နိုင်)၀၈၇၆၁၁ ဖြစ်ပါကြောင်း။

**စိုင်းကျော်သူရ**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/5124 ၏အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

### အမည်မှန်

သဲကုန်းမြို့နယ်၊ အ.ထ.က ဆင်မြီးဆွဲကျောင်း Grade-9 မှ (ဘ) ဦးမြစိုး၏ သမီး မသီရိမြင့်ဇူ ၏အမည်မှန်မှာ မသီရိမဉ္ဇူ ဖြစ်ပါကြောင်း။

**မသီရိမဉ္ဇူ**

### မှတ်ပုံတင်ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်သီဟန်ကိုင်ဆောင်သော မှတ်ပုံတင်အမှတ် ၁၂/သဃက(နိုင်)၀၀၁၂၂၁ခရီးသွားရင်း ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းသို့ ဆက်သွယ်အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉-၂၅၄၄၅၅၃၁၆

### သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/89698, Canda 125, M/C ယာဉ်လက်ဝယ်ရှိသူဒေါ်အေးအေးသက် ၉/မနတ(နိုင်)၁၀၀၅၇၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

| **ရန်ကုန်တိုင်းဒေသကြီး။** | **ရန်ကုန်တိုင်းဒေသကြီး။** |

---

## လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားအား အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ ရွှေနှင်းဆီလမ်း၊ အမှတ် (၃၆၈/ဘီ)ရှိ ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၁၁၉၉၀၅၁)ဖြင့် မှတ်ပုံတင်ရရှိထားသော EYE BOX COMPANY LIMITED ၏ လက်ထောက်မန်နေဂျာဖြစ်သူ ဒေါ်ခိုင်ဇာလွင် (ဘ)ဦးတင်မြင့် ၁၂/သကတ(နိုင်)၁၈၃၀၄၃ သည် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ၎င်း၏ကုမ္ပဏီမှုပိုင်အဖြစ်သုံးစွဲရန် လုပ်ငန်း အမှတ်တံဆိပ်မှတ်ပုံတင်စာချုပ်အမှတ် (၄/၅၀၅၃)ဖြင့် ၁၂-၆-၂၀၂၄ ရက်တွင် တရားဝင်မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်-

အထက်ဖော်ပြပါ **“eyebox Co.,Ltd”** ဟူသော လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားဖြင့်“ ဆောက်လုပ်ရေးလုပ်ငန်းတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရုံးခန်းများဖွင့်လှစ်၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်မှာ ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။ အဆိုပါကုမ္ပဏီနှင့်ပတ်သက်သည့် လုပ်ငန်းကိစ္စများအပေါ်တွင်လည်း ၎င်းလုပ်ငန်း အမှတ်တံဆိပ် အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး၊ အရောင်အမျိုးမျိုးတို့ဖြင့် ပြုလုပ်၍ အသုံးပြုသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားသည် ကုမ္ပဏီမှုပိုင်အဖြစ် အသုံးပြုလျက်ရှိရာ ယင်းလုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား ထင်ယောင်ထင်မှား ဆင်တူယိုးမှား တုပပြုလုပ်၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှ တရားမဝင်သုံးစွဲခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်ကြားသိရပါက ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းလုပ်ငန်းတံဆိပ်အမည် အမှတ်အသားနှင့် ပတ်သက်၍ (အမည်တူ)ကန့်ကွက်လိုပါက သတင်းစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၈၁)**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၄၀၁၁၀၄၈**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ လူနေရပ်ကွက်အမှတ်(ဝေဇယန္တာအိမ်ရာ)၊ မြေကွက်အမှတ်(၁၅၃/ဘီ)၊ မြေအကျယ်အဝန်း( အလျား ၂၀' x အနံ ၇၃' ၆'')၊ မြေဧရိယာ ၀ ဒသမ ၀၃၄ ဧက၊ (၁၄၈၁) စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးမြင့်လွင်ထံမှ “နှစ်ဦးသဘောတူမြေနှင့် အိမ်အရောင်းအဝယ်သဘောတူစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခိုင်နှင်းမာ ၁၂/ဗတထ (နိုင်)၀၃၀၅၂၀ က မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန်အတွက် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး(LL.B)**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၉၀၈၁)**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၄၀၁၁၀၄၈**

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ဘုရားကြီးရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ် (၃၀)နေ ဒေါ်ခင်ခင်စီ ၁၄/ဟသတ(နိုင်)၀၄၅၈၇၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ (ဦးခင်မောင်ရီ(ခ)ဦးခင်ဇော်ဝင်း)၊ ဒေါ်ခင်ခင်စီတို့၏ သားဖြစ်သူ မောင်ရဲလင်းခိုင် ၁၄/ဟသတ(နိုင်)၂၂၈၇၉၀ သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိခင်နှင့် အခြားမိသားစုဝင်များအပေါ် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်စေရန် အမျိုးမျိုးအကြိမ်ကြိမ် ပြုမူလုပ်ဆောင်ခဲ့ခြင်းကြောင့် ဤကြော်ငြာပါရှိသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်း၏လုပ်ငန်းကိစ္စရပ်များ၊ ငွေရေးကြေးရေး၊ ပစ္စည်းရေး၊ လူမှုရေးစသည့် အရေးအရာ ကိစ္စအဝဝအားလုံးတို့သည် မိခင်ဖြစ်သူ ဒေါ်ခင်ခင်စီနှင့် မိသားစုဝင်များအားလုံးတို့နှင့်လည်း သက်ဆိုင်မှု(လုံးဝ) မရှိကြောင်း၊ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း သက်ဆိုင်သူများနှင့် အများပြည်သူများအားလုံး သိရှိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းယဉ်ယဉ်လင်း LL.B.,M.A. (Business Law)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၂၂)**
**အခန်းအမှတ်-၂၀၈၊ မဟာမြေစင်တာ၊ ကမ္ဘာအေးဘုရားလမ်း၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၁၅၅၀၈၇၇**

---

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ မူလွန်(တောင်ဖလု) Grade-6 မှ (ဘ) ဦးသိန်းလွင်၏ သမီး မယွန်းစံပယ်ဖူး ၏ ဖခင်အမည်မှန်မှာ ဦးသိန်းလွန် ၁၀/သဖရ(နိုင်)၀၆၈၅၁၈ ဖြစ်ပါကြောင်း။

**ဦးသိန်းလွန်**

---

## ပတ်စ်ပို့ပျောက်

ဖျာပုံမြို့နယ်၊ မော်ဘီကျေးရွာနေ ဦးတိုးဝင်း၏ သား မောင်ဉာဏ်လင်းသိန်း ၁၄/ဖပန(နိုင်)၂၃၈၇၁၅၏ ပတ်စ်ပို့နံပါတ် (MH-849499) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၂၃၉၉၂၂၁

---

## ပျောက်ဆုံးကြောင်း

Shan Small Manufacturing Co.,Ltd အမည်ဖြင့် တင်သွင်းယာဉ် ပါမစ်အမှတ် W Q ILV 17-18 11320 (07/12/2017) အမျိုးအမည် Daihatsu Hijet အမျိုးအစား Mini Delivery Van 2011 Model ဘောင်အမှတ် S321V- 0127433 ယာဉ်၏ ID.CS ယာဉ်ခတတ်ပုံမူရင်းမှာ လုပ်ငန်းဆောင်ရွက်နေစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဦးသက်ကိုကိုနိုင်**
ဖုန်း-၀၉-၇၇၆၂၁၇၂၇၈

---

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့၊ တောတိုက်ရပ်ကွက်နေ ဦးအောင်ဖြိုးသူ ၇/တငန(နိုင်)၁၄၇၃၅၉ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၁၅၃၅၇၈

---

## မွေးသက္ကရာဇ်အမှန်

ဟင်္သာတမြို့နယ်၊ ကနောင်စုရပ်ကွက်၊ စွယ်တော်လမ်းနေ (ဘ) ဦးစိုင်းမောင်၏ သမီး နော်အေးအေးအောင် ၁၄/လမန(နိုင်)၀၉၄၁၈၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၁၂-၁၉၉၅ ဖြစ်ပါသည်။

---

## အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ မူလွန်(တောင်ဖလု) Grade-5 မှ (ဘ)ဦးတင်ဦး၏သမီး မအိရွှေစင်၏ အမည်မှန်မှာ မအိရွှေဇင်ဖြစ်ပါကြောင်း။

**မအိရွှေဇင်**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်မိုး (ဘ)ဦးအာရစ် ၁၂/မဂတ(နိုင်)၀၉၃၇၄၆ (Passport) စာအုပ်အမှတ် MF-318250 သည် ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၉၉၉၇၅၂၉

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၁/၂)ရပ်ကွက်၊ ရတနာလမ်း၊ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ၊ တိုက်(၁-ဘီ)၊ (၇)လွှာ၊ အခန်းအမှတ်(၀၇၀၈)၊ ဧရိယာ စတုရန်းပေ(၁၂၀၀)အကျယ်အဝန်းရှိ အိမ်ရာတိုက်ခန်းနှင့် ယင်းအိမ်ရာတိုက်ခန်းပေါ်ရှိ အကျိုးခံစားအရပ်ရပ်ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်အောင် ၁၂/မဂတ(နိုင်)၀၀၅၁၆၆ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အေးအေး ၁၂/ကမရ(နိုင်)၀၁၉၆၈၇ က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ချိုသဲလွင်(LL.B)** — **ဒေါ်မို့မို့လွင်(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ် -၈၆၈၄)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၅၁)**

**အင်းစိန်စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၄၄၃၀၆၃၃၈၈၊ ၀၉-၂၆၀၅၉၇၅၄၃**

## ကန့် ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂/ တိုးချဲ့)၊ မြေကွက်အမှတ်(၂၈၅)၊ ဧရိယာအကျယ်အဝန်း ၀ ဒသမ ၀၅၅ ဧက၊ (၂၄၀၀)စတုရန်းပေ၊ အလျား(၄၀)ပေအနံ(၆၀)ပေ ကျယ်ဝန်းသော နှစ်(၆၀) ဂရန်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၂/တိုးချဲ့)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ်(၂၈၅)ဟု ခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံတို့အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ YWE FAN (ခ)စန္ဒာလင်း (ဘ)ဦးရှင်ဝင့်ဝမ် ၁/ဝမန(ပြု)၀၀၀၀၂၂ ထံမှ တရားဝင်ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

၎င်းမြေကွက်နှင့် အဆောက်အအုံတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှစ၍(၁၀) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေမို (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၀၀၇)**
**ကွန်ဒို(ဘီ)၊ အခန်း(၃၀၁)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊**
**တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၆၉၅၁၀၂၉၃၀၊ ၀၉-၇၉ ၅၇၃၀၉၅၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂/တိုးချဲ့)၊ မြေကွက်အမှတ်(၂၈၄)၊ ဧရိယာအကျယ်အဝန်း ၀ ဒသမ ၀၅၅ ဧက၊ (၂၄၀၀)စတုရန်းပေ၊ အလျား(၄၀)ပေအနံ(၆၀)ပေ ကျယ်ဝန်းသော နှစ်(၆၀) ဂရန်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂/တိုးချဲ့)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ်(၂၈၄)ဟု ခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံတို့အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဝင့်သီရိ(ဘ)ဦးကြည်တင် ၁၄/ဘကလ(နိုင်)၁၇၅၂၆၁ ထံမှ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

၎င်းမြေကွက်နှင့်အဆောက်အအုံတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၀) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေမို (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၀၀၇)**
**ကွန်ဒို(ဘီ)၊ အခန်း(၃၀၁)၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊**
**တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၆၉၅၁၀၂၉၃၀၊ ၀၉-၇၉ ၅၇၃၀၉၅၁**

## ဇနီးအဖြစ်မှသက်ဆိုင်ခြင်းမရှိတော့ပါကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ထိပ်ဝလေးကျေးရွာနေ (ဘ)ဦးအောင်ကျော်စွာ၏သားဖြစ်သူဦးအောင်ရဲထွဋ် ၁၄/ညတန(နိုင်) ၁၈၇၆၅၃ ၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးအောင်ရဲထွဋ်နှင့် ဒေါ်နှင်းဝတ်ရည်တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ညောင်အုပ်စု၊ ဒိုင်စုကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ နှစ်ဖက်မိဘများ၏ရှေ့တွင် ၆-၁၂-၂၀၂၃ ရက်၌ တရားဝင် လက်ထပ်ခဲ့ကြပါသည်။ ထိုသို့လက်ထပ်ခဲ့ပြီး နောက်ပိုင်းတွင် ဓနုဖြူမြို့နယ်၌ အကြင်လင်မယားအဖြစ် နေထိုင်ခဲ့ပြီးနောက် လင်မယားချင်း အဆင်မပြေဖြစ်ကာ တစ်ဦးနှင့်တစ်ဦး ဆက်လက်၍ ပေါင်းသင်းရန်ဆန္ဒမရှိတော့သဖြင့် နှစ်ဦးသဘောတူ ညှိနှိုင်းဆုံးဖြတ်ချက်ကာ နှုတ်ကတိအရ နှစ်ဦးသဘောတူ ကွာရှင်းခဲ့ကြပါသည်။ ထိုသို့နှုတ်ကတိအရ ကွာရှင်းပြီးသည့်အချိန်မှစ၍ ကျွန်ုပ်မိတ်ဆွေနှင့် ဒေါ်နှင်းဝတ်ရည်တို့သည် ယနေ့အချိန်ထိ အတူနေထိုင်ခြင်းမရှိတော့ပါကြောင်းနှင့် ဇနီးမယားအဖြစ်မှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မို့မို့ဇင်ကို (LLB,D.B.L,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၅၇)**
**တိုက်အမှတ်-၉/၁၁၊ အခန်းအမှတ်-၀၀၄၊ (မြေညီထပ်)၊၃၆ လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၁၄၅၆၃၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ဒဂုံတက္ကသိုလ်
## (၃၃) ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာ ခေါ်ယူခြင်း

၁။ ဒဂုံတက္ကသိုလ်(နေ့သင်တန်း)၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်များ၏ ၂၀၂၃ ခုနှစ်၊ မတ်လ၊ စက်တင်ဘာလနှင့် ၂၀၂၄ ခုနှစ်၊ မတ်လများတွင် ကျင်းပခဲ့သော မဟာဥပဒေဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံ ဂုဏ်ထူးဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/ သိပ္ပံဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့ စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာပုံစံများကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်မှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်ထိ တင်သွင်း လျှောက်ထားနိုင်ပါသည်။ ယခင်နှစ်များက ဘွဲ့နှင်းသဘင် လျှောက်လွှာ ပုံစံ မတင်သွင်းခဲ့ကြသူများသည်လည်း အဝေးရောက်ဘွဲ့အတွက် လျှောက်ထားနိုင်ပါသည်။

၂။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ဒဂုံတက္ကသိုလ်၊ ဘွဲ့နှင်းသဘင် ဌာနစိတ်တွင် ရယူလျက် မကြာသေးမီက ရိုက်ကူးထားသော (၁.၅x၂) လက်မ အရွယ် ဆေးသားကောင်းမွန်သည့် ဓာတ်ပုံအသစ် (၂)ပုံ (အမျိုးသမီးများ မြန်မာအမျိုးသမီးဝတ်စုံဖြင့် အမျိုးသားများ မြန်မာ အမျိုးသားဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံအပြည့်ဖြင့်) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ တက္ကသိုလ်ဝင် အောင်လက်မှတ်မိတ္တူတို့ကို ပူးတွဲ၍ လျှောက်ထားရမည်။ ဤတက္ကသိုလ်မှ ယခင်ဘွဲ့ရပြီးပါက ဘွဲ့လက်မှတ်မိတ္တူကို တစ်ပါတည်း ယူဆောင်လာရမည်။

၃။ ဘွဲ့နှင်းသဘင် တက်ရောက်မည် (သို့မဟုတ်) အဝေးရောက် ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင် တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်အား (၁)နှစ် အတွင်း ထုတ်ပေးမည် မဟုတ်ပါ။

၄။ ဘွဲ့နှင်းသဘင်ပုံစံတင်သွင်းသူများသည် ဘွဲ့တက်ရောက်ယူပါက ဘွဲ့နှင်း သဘင်ကြေး ၁၅၀၀၀/-ကျပ် (ကျပ်တစ်သောင်းငါးထောင်တိတိ)ပေးသွင်းကြရမည်။ အဝေးရောက်ဘွဲ့ယူပါက အဝေးရောက်ဘွဲ့ကြေး ၁၀၀၀၀/-ကျပ်(ကျပ်တစ်သောင်းတိတိ)ပေးသွင်းကြရပါမည်။

၅။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို သက်ဆိုင်ရာ ဒဂုံတက္ကသိုလ်၊ ငွေလက်ခံ ဌာနသို့ စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေ၌ ဘွဲ့နှင်းသဘင် ကြေးဟု ထင်ရှားစွာ ရေးသား၍ လျှောက်လွှာရှင်၏ အမည်၊ နိုင်ငံသား စိစစ်ရေး ကတ်ပြားအမှတ်၊ ဖခင်အမည်၊ ခုံအမှတ်၊ အထူးပြုဘာသာ စသည်တို့ကို တိကျစွာဖော်ပြရပါမည်။

**(သန်းစိုးဦး)**
**(ဌာနမှူး-သင်တန်းရေးရာ)**
**ဒဂုံတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းမြို့ကွက်သစ် ဖွံ့ဖြိုးရေးကျောကပ်လမ်း၊ မြေကွက်အမှတ်(၁၀၁၅)ဟုခေါ်တွင်သော သက်ဆိုင်ရာဌာနတွင် ဦးတင်မောင်ဦးအမည်ဖြင့် စလစ်အမည်ပေါက် ပေ(၄၀ x ၆၀) အကျယ်ရှိ မြေကွက်အား ရောင်းချပိုင်ခွင့်ရှိသူ ပိုင်ရှင်ဟု အဆိုပြုရောင်းချသူ ဒေါ်ခင်ချစ်စု ၁၂/သလန(နိုင်)၁၆၃၆၈၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ၎င်းအား ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၅၀)**
**ဖုန်း-၀၉-၄၃၀၇၃၄၂၆၊ ၀၉-၇၉၉၄၂၃၇၉၅**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်(4P/8391) Fonton ယာဉ်လက်ဝယ်ရှိသူ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး**
**(မကွေး)**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၂၀)၊ အကွက်အမည် ပိန္နဲကုန်းအနောက်၊ ဦးပိုင်အမှတ် ၂၁၊ ဧရိယာ ၀ ဒသမ ၁၀၃ ဧက၊ စတုရန်းပေ ၄၄၈၇၊ ဂရန်အမှုတွဲအမှတ် ၉၃၈/၁၉၉၁ ဖြင့် ဦးစဝ်(ခ)ဇော်မင်း (TGI-၀၂၀၁၁၉) အမည်ပေါက်ပိုင်ဆိုင်သော အိမ်မြေဥပစာအား ဒေါ်လဲ့လဲ့နှင်း ၁၃/တကန(နိုင်)၁၇၃၃၇၁ သည် ဦးစဝ်(ခ)ဇော်မင်းထံမှ နှစ်ဦး သဘောတူ အိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူ လက်ရောက်ရရှိပြီးဖြစ်ပါသည်။ ဝယ်ယူပြီးနောက် မှတ်ပုံတင်စာချုပ်ပြုလုပ်ရန် သဘောတူထားသော်လည်း ဦးစဝ်(ခ)ဇော်မင်းမှ စုံစမ်း၍မရပါသောကြောင့် ဒေါ်လဲ့လဲ့နှင်း ဂရန်အမည်ပေါက်ရရှိရန် လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤ ကြေညာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လဲ့လဲ့နှင်း**
**အမှတ်(၂)ရပ်ကွက်၊ အေးသာယာမြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနပိုင် အေးသာယာ (ထုံးဖို)ဈေး၊ ဈေးရုံအမှတ်(က)၊ ဆိုင်ခန်း အမှတ်(၂၄)မှ ဦးအိုက်စိုင်း ၁၃/တကန(နိုင်)၁၃၀၃၉၀ သည် ဆိုင်ခန်း မှတ်ပုံတင်စာအုပ် ပျောက်ဆုံးသွား၍ အသစ် ပြန်လည် ထုတ်ယူလိုကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက် ကျော်လွန်တင်ပြလာသည့် ကန့်ကွက်လွှာအား လက်ခံစဉ်းစားပေးမည်မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန**

## အများသိစေရန် ကြေညာခြင်း

နမ့်စန်မြို့၊ အမှတ် (၂) ရပ်ကွက်၊ ကျိုင်းတုံလမ်း၊ အမှတ်(၂/၂၀၃)နေ၊ ဦးရန်တောင် (ခ) ဦးအိုက်လှ (ခ) ဦးလောကူ(ဘ) ဦးရန်ရီ ၁၃/လလန(နိုင်)၀၄၅၁၅၅ ဗုဒ္ဓဘာသာကိုးကွယ်သူမှ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

၁၉-၁၁-၂၀၂၃ ရက် ညနေ(၆:၃၀)နာရီခန့်တွင် အထက်အမည်ပါ ကျွန်ုပ်၏နေအိမ်၌ နေစဉ် နမ့်စန်မြို့၊ တပင်ရွှေထီးလမ်းတွင် နေထိုင်လျက်ရှိသော ဦးစိုင်းသူရကိုကို နမ့်စန်မြို့နေသူနှင့် ဦးစိုင်းဆိုင်အုံ၏ ညီမဖြစ်သူ ဒေါ်နန်းချိုခမ်း (တောင်ကြီးမြို့နေ) အပါအဝင် အခြားအမည်မသိ လူ(၂)ဦးတို့ ရောက်ရှိလာပြီး မည်သည့် အကြောင်းအရာဖော်ပြထားခြင်းမသိရဘဲ လက်မှတ်ရေးထိုးခိုင်းပြီး ပြန်သွားကြပါသည်။ အကျွန်ုပ်၏ဇနီးဖြစ်သူ ဒေါ်ရန်ယုံကြုံ(ခ)ဒေါ်ကြူ (ကွယ်လွန်)ထံမှ ကျွန်ုပ်သဘောတူညီခြင်းမရှိ၊ သိရှိခြင်းမရှိဘဲ လက်ရှိနေထိုင်လျက်ရှိသော မြေနှင့်အိမ်အား ၁-၆-၂၀၁၈ ရက်စွဲပါ " နှစ်ဦးသဘောတူ ကတိစာချုပ်များ" ချုပ်ဆိုထားကြောင်း စုံစမ်းသိရှိရပါသည်။

ထို့ကြောင့် နမ့်စန်မြို့၊ အမှတ်(၂) ရပ်ကွက်၊ ကျိုင်းတုံလမ်းမကြီး၊ အိမ်အမှတ် (၂/၂၀၃) ဦးပိုင်အမှတ် (၁၄၆ +၁၆၀+၁၅၉(က)၊ အကွက်အမှတ်(၂၈)၊ ဂရန်အမှတ် (၁၂၂/၂၀၁၀)၊ ဧရိယာ ၀ ဒသမ ၃၂၄ ဧကရှိ နှစ် (၃၀) ဂရန်မြေကွက်နှင့် ဂိုဒေါင် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အကျွန်ုပ်သဘောတူညီမှုမရှိဘဲ အမည်လွှဲပြောင်းခြင်း၊ ဂရန်ခွဲစိတ်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း မပြုလုပ်ရန် အသိပေးအပ်ပါသည်။ အကယ်၍ ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ဦးရန်တောင် (ခ) ဦးအိုက်လှ**
**၁၃/လလန(နိုင်) ၀၄၅၁၅၅**
**အိမ်အမှတ် (၂/၂၀၃)၊ ကျိုင်းတုံလမ်း၊**
**အမှတ် (၂)ရပ်ကွက်၊ နမ့်စန်မြို့။**

## အများသိစေရန်ကြေညာခြင်း

အေးသာယာမြို့၊ အမှတ်(၁) ရပ်ကွက်၊ အကွက်အမှတ်(၄၀)၊ အကွက်အမည်-သစ်ပင်ထောင်/တောင်၊ ဦးပိုင်အမှတ် ၄၄၊ ဧရိယာ ၀ ဒသမ ၁၀၇ ဧက၊ စတုရန်းပေ-၄၆၆၁၊ ဂရန်အမှုတွဲအမှတ် ၇၅၀/၁၉၉၁ ဖြင့် ဦးခင်အောင် (NYHE-၀၂၅၀၇၈) အမည်ပေါက်ပိုင်ဆိုင်သော အိမ်မြေဥပစာအား ဦးရှာရှိုးရှိ ၁၃/တကန(နိုင်)၀၈၉၉၄၅ သည် ဦးခင်အောင်ထံမှ နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရောက်ရရှိပြီးဖြစ်ပါသည်။ ဝယ်ယူပြီးနောက် မှတ်ပုံတင်စာချုပ်ပြုလုပ်ရန် သဘောတူထားသော်လည်း ဦးခင်အောင်မှ စုံစမ်း၍မရပါသောကြောင့် ဦးရှာရှိုးရှိဂရန်အမည်ပေါက်ရရှိရန် လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရှာရှိုးရှိ**
**အမှတ် (၁) ရပ်ကွက်၊**
**အေးသာယာမြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဆင်မလိုက် အဆင့်မြင့်အိမ်ရာရှိ ကွန်ဒိုတိုက်ခန်း အခန်းအမှတ်(11-D)၊ (၁၁)လွှာတိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်ယု ၈/မကန(နိုင်)၀၀၈၈၉၂ ထံမှ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးမို့မို့အောင် ၁၂/ကမရ(နိုင်)၀၅၃၁၀၄ မှ ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ ယူဆောင်ပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးမို့မို့အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင့်ရွှေ (LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၉၃၄/၉၂) အမှတ်(၁၁၄၈)၊ ပထမထပ်၊**
**ဇေယျာသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၂၅၄၀၇၆၀၁၉**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူ ခရိုင်၊ အုတ်တွင်းမြို့နယ် အထက ဗောဓိကုန်းကျောင်း Grade-9 (A) မှ မောင်သက်ထင်ညို၏ ဖခင် အမည်မှန်မှာ ဦးခင်ကျော်ညိုဆွေ ၇/ပတန(နိုင်) ၀၈၅၀၇၆ ဖြစ်ပါကြောင်း။

**ဦးခင်ကျော်ညိုဆွေ**

## ပြင်ဆင်ဖတ်ရှုပါရန်

၅-၇-၂၀၂၄ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၁)တွင်ပါသော ကန့်ကွက်ကြော်ငြာတွင် ဦးတင်ဦးခိုင် ၉/မရမ(နိုင်) ၀၀၁၇၄၂ အစား ၉/မရမ(နိုင်)၀၀၁၇၄၁ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ရေနီမြို့၊ အေးမြနန္ဒာရပ်ကွက်နေ ဒေါ်ယုယုပြေ (ဘ) ဦးပြေမောင် ၇/ရတရ(နိုင်)၀၇၃၈၂၂ ၏သား မောင်ဟိန်းထက်နောင်(ဘ)ဦးခင်မောင်ဦး ၇/ရတရ(နိုင်)၁၄၀၃၃၉ သည် မိဘ၊ ဆွေမျိုး၊ အသိုင်းအဝိုင်းများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေသဖြင့် မောင်ဟိန်းထက်နောင်နှင့် ပတ်သက်၍ ဖြစ်ပေါ်လာသည့် ကိစ္စမှန်သမျှကိုလည်း ကျွန်ုပ်မိတ်ဆွေအနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်သလို ဤကြေညာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)** — **မိခင်ဖြစ်သူ-ဒေါ်ယုယုပြေ**
**အေးမြနန္ဒာရပ်ကွက်၊ ရေနီမြို့၊ နေပြည်တော်။ ဖုန်း-၀၉-၄၂၂၄၄၄၄၁၅**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့၊ အမှတ်(၁)ရပ်ကွက်၊ နယ်မြေ(၈) တွင် နေထိုင်သူ ဦးဖိုးသော် (ဘ) ဦးရေဝိုင်းနှင့် ဦးကျော်ဇောဝင်း (ဘ) ဦးရေဝိုင်း ၈/ရစက(နိုင်)၂၃၅၉၈၂ တို့သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်(၇၀ယ/၅၅၀၈) Wuyang Honda-125 ယာဉ် လက်ဝယ်ရှိသူ Mani Mandai Co.Ltdမှ (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန် ။

**ကညန၊ တိုင်းရုံး**
**(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/3207 Sun Flower L/T(1) Ton, Pick up(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးလင်းထွန်းဦး ၁၂/ဥကတ(နိုင်)၂၀၆၁၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/89875 Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်ကိုကိုပိုင် ၁၄/ပသန(နိုင်) ၃၂၀၈၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**ပုသိမ်မြို့**

## အများသိစေရန် ကြေညာချက်

ဝမ်းတွင်းမြို့၊ ဝမ်းတွင်း(၃)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (O- မြို့ကွက်သစ်)၊ ဦးပိုင်အမှတ် (၃၁)၊ မြေဧရိယာ ၀ ဒသမ ၀၉၂ ဧကရှိ မြေကွက်သည် မြို့ပြစီမံကိန်းကော်မတီ၊ ဝမ်းတွင်းမြို့၏ ၁၇-၅-၂၀၂၀ ရက်စွဲပါ စာအမှတ် ၁၁၀/၁-၁/၀တ အရ ဦးကျော်ဆန်း အမည်ဖြင့် လည်းကောင်း၊ ဦးပိုင်အမှတ်(၂၂)၊ မြေဧရိယာ ၀ ဒသမ ၀၉၂ ဧကရှိ မြေကွက်သည် ဦးတင်အေး အမည ဖြင့် လည်းကောင်း မြေနေရာချထားပေးသော မြေကွက်များဖြစ်ပါသည်။ အဆိုပါမြေနေရာများအား ဦးကျော်ဆန်းနှင့် ဦးတင်အေးတို့၏ ကိုယ်စားပြုသူ ဦးအောင်သိန်း ၉/ဝတန (နိုင်)၁၁၇၂၂၃မှ မြေငှားဂရန်အသစ်လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက မြေယာဥပဒေ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မိတ္ထီလာခရိုင်**

## ဒေါ်မြိုင်
## အသက်(၁၀၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းလမ်းသွယ်(၁၃)၊ တိုက်အမှတ်-၁၁၅၊ အခန်း-၂ နေ (ဦးငွေခိုင်)၏ဇနီး၊ ဒေါက်တာဦးရဲဝင်း-ဒေါ်ဌေးဌေးဦး၊ ဦးခင်မောင်စန်း-ဒေါက်တာဒေါ်အေးအေးမြင့်၊ ဦးသက်ခိုင်-ဒေါ်မြင့်မြင့်ဌေး၊ ဒေါ်တင်မေခိုင်၊ ဦးအောင်စိုးမြင့်တို့၏ မိခင်၊ မြေး ၄ ယောက်၊ မြစ် ၂ ယောက် တို့၏ ဖီးဖီးကြီး ဒေါ်မြိုင် အသက် (၁၀၅) နှစ်သည် ၁၀-၇-၂၀၂၄ ရက်၊ (ဗုဒ္ဓဟူးနေ့) နံနက် ၄ နာရီ၌ ဇရာ ပါးရောဂါဖြင့် ကွယ်လွန်သွားသောကြောင့် ၁၄-၇-၂၀၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၁၆-၇-၂၀၂၄ ရက် (အင်္ဂါနေ့) နံနက်(၇:၀၀)နာရီမှ (၁၁:၀၀) နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်မိမိကြီး
### အကြီးတန်းအုပ်ချုပ်ရေးအရာရှိ(ငြိမ်း)
### မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ရွှေမန်းမြိုင်လမ်းသွယ်၊ (၇)မိုင်ခွဲ၊ အမှတ်-၅၁(ခ)နေ (ဦးထွေး-ဒေါ်မြင့်မြင့်)တို့၏သမီး၊ (ဦးဇင်မြင့်)-ဒေါ်မမကြီးတို့၏ ညီမ၊ (ဦးမောင်မောင်ကြီး)-ဒေါ်ခင်လေးမြင့်၊ ဒေါ်ခင်စိုးဝင်းထွေး၊ ဦးမျိုးအောင်-ဒေါ်ခင်စိမ်းဝင်းထွေးတို့၏ အစ်မ၊ တူ၊ တူမ(၈)ယောက်တို့၏ ကြီးတော်၊ မြေး (၆)ယောက်တို့၏ ဘွားဘွားကြီး ဒေါ်မိမိကြီးသည်၉-၇-၂၀၂၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၂၄ရက် (သောကြာနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၅-၇-၂၀၂၄ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒေါ်မေသိန်းဝင်း
## အသက် (၉၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ ပြည်လမ်း၊ ရတနာလမ်းသွယ်၊ ခြံအမှတ် ၃၃/စ-၂နေ (ဦးကျော်ထွန်း)၏ ချစ်လှစွာသောဇနီး၊ (ဦးဝင်းတင်ထွန်း)၊ ဦးမင်းဆွေထွန်း၊ ဒေါ်စောမြတ်မွန်၊ (ဦးသန့်ဇော်ထွန်း)၊ ဦးဝင်းဇော်ထွန်း၊ (ဒေါ်ဝင်းမာထွန်း)၊ ဒေါ်နီလာထွန်းတို့၏ မွေးသမိခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်မေသိန်းဝင်းသည် ၉-၇-၂၀၂၄ရက်၊ (အင်္ဂါနေ့)၊ ည ၁၀:၂၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၂၄ရက်၊ (ကြာသပတေးနေ့)၊ နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ ၁၁-၇-၂၀၂၄ရက် နံနက် ၁၀နာရီတွင် ထွက်ပါမည်။) **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅)ဧကရှိ ဦးကျော်ခိုင် ၁၂/ရတန(နိုင်)၀၀၇၂၅၃ (ဘ)ဦးသန်းတင် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၁၈၈၇)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၉၃၈/၂၀၂၃ (၂၂-၈-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ဖြူဖြူသန့် ၉/မဟမ(နိုင်)၀၄၆၂၀၀ (ဘ)ဦးကံညွန့် မှ ဒေါ်ခိုင်ဇာလွင် ၈/ဂဂန(နိုင်)၀၉၀၂၆၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
## သတင်းစာဆရာကြီး ဦးမြင့်နိုင်
### အသက် (၈၄)နှစ်

ပြည်မြို့နေ သတင်းစာဆရာကြီး ဦးမြင့်နိုင် (မြန်မာ့အလင်း/ကြေးမုံ) သတင်းထောက်သည် ၈-၇-၂၀၂၄ရက် တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ပဲခူးတိုင်းဒေသကြီး(အနောက်)သတင်းထောက်များအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
## ဆရာဦးကြည်ညွန့်
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### အသက်(၈၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ (၈၃)လမ်း၊ ၃၆x ၃၇ လမ်းကြား၊ ကွမ်းခြံရပ်နေ ဦးထွန်းရင်-ဒေါ်ပြန့်(ထွန်းရင်ပုံနှိပ်တိုက်)တို့၏သားကြီး၊ ဦးစိုးညွန့်၊ ဦးဝေညွန့်၊ ဦးထွန်းကြည်၊ ဦးအောင်ညွန့်၊ ဒေါ်ဝင်းဝင်းချိုတို့၏ အစ်ကိုကြီး၊ မဇင်လဲ့ဝင်း၏ ဖခင်သည် ၉-၇-၂၀၂၄ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနမှ**
**အရာထမ်း/အမှုထမ်းများ**

## ပြောင်းလဲခေါ်ဆိုပါရန်

ဖြူးမြို့နယ်၊ ညောင်ပင်သာ အထက Grade-10 မှ ဦးခင်မောင်မြင့် ၇/ဖမန(နိုင်) ၁၅၇၆၁၁ ၏ သမီး မစူးဖူးမြင့် အား မစုဖူးမြင့် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မစုဖူးမြင့်**

## မွေးသက္ကရာဇ်အမှန်

ဦးသန်းကျော်၏ သမီး ပဲခူးမြို့၊ အထက(၁) Grade-12(C)မှ မရတီပြည့်စုံ၏ မွေးသက္ကရာဇ် အမှန်မှာ ၁၀-၅-၂၀၀၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့၊ အထက (၂)၊ ပန်းစုံကျောင်း G-11 မှ မောင်ဖြိုးဝေတိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်ကြီး ၉/ပဘန(နိုင်)၁၂၇၆၅၉ ဖြစ်ပါကြောင်း။

**ဦးဇော်ကြီး**
**၉/ပဘန(နိုင်)၁၂၇၆၅၉**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြောင်းမြမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၈/၂၀၂၃ဖြင့်ဦးစိန်စိုးလှိုင် (ဘ) ဦးဖိုးပေ ၁၄/မမန(နိုင်) ၁၆၁၆၀၉နှင့်ဒေါ်မာမာဇော်(ဘ)ဦးဘမြင့် ၁၄/ဝခမ(နိုင်) ၁၄၉၄၁၉တို့မှ ဦးမြင့်လွင်(ခ)ဝမ်စွန်(ဘ)ဦးကြိုင်လီ(ခ)ဘိုက်ပူ ၁၄/ မမန(နိုင်) ၁၄၂၉၉၃ ထံသို့ လွှဲအပ်ထားသော ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်တွင် ချုပ်ဆိုထားသည့် အထွေထွေကိစ္စမျိုးစုံအတွက် ဆောင်ရွက်ပေးရန် ခန့်အပ်သည့်စာချုပ်နှင့်ပတ်သက်သည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ အပြီးအပိုင် ရုပ်သိမ်းကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစိန်စိုးလှိုင်၊ ဒေါ်မာမာဇော်**
**ဖုန်း-၀၉-၇၆၁၁၀၀၄၉၄**

## ဖခင်အမည်မှန်

ဘိုကလေးမြို့၊ အထက(၂) ကျောင်း G-12(B)မှ မောင်ထက်အောင် ခန့်နှင့်မသွယ်ဇင်ဖူး(မအူပင်တက္ကသိုလ်) မြန်မာစာ-နောက်ဆုံးနှစ်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်မျိုးခိုင် ၁၄/ဘကလ(နိုင်) ၁၇၇၆၈၄ ဖြစ်ပါကြောင်း။

**ဦးကျော်မျိုးခိုင်**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ မူလွန်(ဝယ်သွန်ချောင်) Grade-6 မှ (ဘ) ဦးထန်ရှင်မုန်း၏သမီး မဖူးပွင့်ဇာန်၏ ဖခင်အမည်မှန်မှာ ဦးထန်ဒန်းဒန် ၅/ကလထ(နိုင်)၁၆၅၉၄၆ ဖြစ်ပါကြောင်း။

**ဦးထန်ဒန်းဒန်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 76W/63473 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရလပ-၂၆)၊ မြေကွက်အမှတ်(၄၁၉)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ (ယခုအခေါ် အမှတ်(၄၁၉)၊ ရွှေဘုံသာ(၁)လမ်း၊ (၂၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်) ဟု ခေါ်တွင်သော ဦးမျိုးမင်းလတ်အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ် ရှိ (၄)ထပ်အဆောက်အအုံအပါအဝင် ရေ+မီးစုံ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး တို့အား အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဦးဌေးအောင် ၁၂/လမတ(နိုင်) ၀၃၁၉၃၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထက်ပါ မြေကွက်နှင့် ပတ်သက်သည့်ပိုင်ဆိုင်မှု အထောက်အထား စာချုပ်/စာရွက်စာတမ်းမူရင်း၊ ပါမစ်/ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ပြီး မြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ(LL.B,D.B.L,D.I.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၉၂/၂၀၂၃)**
**တိုက်၃၉၀/၄၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉- ၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၅၅)ဧကရှိ ဒေါ်စန်းစန်းမြင့် ၁၃/လရန(နိုင်)၁၀၂၃၁၈ (ဘ)ဦးစိန်ထွန်း အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၁၃၃၂)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၄၉/၂၀၂၂ (၂၄-၉-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးနိုင်ဝင်း ၉/နထက(နိုင်) ၁၀၀၈၁၆ (ဘ)ဦးအေးသိန်းမှ ဒေါ်ဆွေသင်းလှိုင် ၅/ပလန(နိုင်)၀၉၃၈၈၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ အထက ကနောင် Grade-10 (C)မှ ကျောင်းဝင်အမှတ် (၄၀၀၆) မချယ်ရီရှင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမင်း ၁၄/မအန(နိုင်)၁၇၅၅၄၁ ဖြစ်ပါသည်။

**ဦးဝင်းမင်း**
**၁၄/မအန(နိုင်)၁၇၅၅၄၁**

## မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊အထက ကနောင် Grade-11(B)မှ ကျောင်းဝင်အမှတ် (၃၃၅၃) မခြူးအင်ကြင်း၏ မိခင်အမည်မှန်မှာ ဒေါ်စန်းနွဲ့ ၁၄/မအန(နိုင်)၀၂၇၈၅၄ ဖြစ်ပါသည်။

**ဒေါ်စန်းနွဲ့**
**၁၄/မအန(နိုင်)၀၂၇၈၅၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၄၂၈)၊ ဆည်တော်လမ်း၊ အကျယ်အဝန်း ပေ(၄၀ x ၆၀)ရှိ ဦးသောင်းညွန့် အမည်ပေါက် ပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း ပေ(၂၀ x ၆၀)(မြေကွက်ကြီး မျက်နှာမူလျှင် ဘယ်ခြမ်း) ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိ စာချုပ်အဆက်စပ်ဖြင့် တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူများဟု ဝန်ခံကတိပြုကြသော ဦးအောင်ကြိုင် ၁၂/ကမရ (နိုင်)၀၃၈၈၀၃ နှင့် ဦးကျော်ဆွေ ၁၂/သဃက(နိုင်)၁၁၈၇၈၄ တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဝင်းလွင်သန့် ၈/ခမန(နိုင်)၁၁၆၁၆၃က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူထွဏ်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၈၇၆)**
**အင်းစိန်ရှေ့နေများ အသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၂၆၆၀၂၂၂၅၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၁၉၄၁၇, Honda Dream ND 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ဝင်း ၆/သရခ(နိုင်) ၀၁၆၈၆၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ မဟာစည်တိုးချဲ့ရပ်ကွက်နေ ဒေါ်လှလှနွယ်(ဘ)ဦးကျော်စိန် ၉/မသန(နိုင်) ၀၆၈၃၈၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ မဟာစည်တိုးချဲ့ရပ်ကွက်ရှိ အရှေ့လားသော်-မြေကွက်အမှတ် (၃၃၇)၊ အနောက်လားသော်-လမ်း၊ တောင်လားသော်-မြေကွက်အမှတ်(၃၀၂)၊ မြောက်လားသော်-မြေကွက်အမှတ်(၃၀၀)၊ ၎င်းအလား(၄)ရပ်အတွင်းရှိ ချထားပေးမြေကွက်အမှတ်(၃၀၁) အား ဒေါ်ခင်ရီ (ဘ)ဦးဒေါင်း ၉/မသန(နိုင်) ၀၆၈၃၇၉မှ ဝယ်ယူပိုင်ဆိုင်ခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါနေအိမ် ဝိုင်းမြေ၌ ဒေါ်ခင်ရီ နှင့်(သမီး)ဖြစ်သူ ဒေါ်လှလှနွယ် တို့ အစဉ်အဆက်နေထိုင်ခဲ့သည်မှာ နှစ်ပေါင်း(၃၀)ခန့်ရှိပြီးဖြစ်ပါသည်။

ယခုအခါ အဆိုပါချထားပေးမြေကွက်အမှတ်(၃၀၁)နှင့် ပတ်သက်သော မြေပေးမိန့်(စလစ်)နှင့်ငွေသွင်းချလန်မူရင်းများမှာ ပျောက်ဆုံးသွားပါသဖြင့် ၎င်းပိုင် မြေကွက်အမှတ်(၃၀၁)၏ လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်ခင်ရီနှင့်(သမီး) ဒေါ်လှလှနွယ်တို့မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မှ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းထားခြင်းများကို လုံးဝပြုလုပ်ခွင့်မရှိကြောင်းနှင့်ပြုလုပ်ခဲ့ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်အောင်လွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၆၆)(၂၁-၁၂-၂၀၂၀)**
**ဗိုလ်ချုပ်အောင်ဆန်းလမ်းမ၊ မဟာစည်တိုးချဲ့ရပ်၊ မိတ္ထီလာမြို့၊**
**ဖုန်း-၀၉-၄၄၂၂၀၀၃၅၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ နန်းတော်ကုန်းရပ်ကွက်တွင်နေထိုင်သူ ဦးအီးတိန်(ခ)လီချူးစိန် (ဘ) ဦးလီရီစိန် ၅/ကလတ(ပြု)၀၀၀၀၄၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ ပေါက်ချောင်းရပ်ကွက်၊ ကွင်းအမှတ်(၁၄-ခ)၊ အကွက်အမည်- (ပေါက်ချောင်း)၊ ဦးပိုင်အမှတ်(၂၈)၊ မြေကွက်အမှတ်(၆၅-၆၆)၊ ဧရိယာ(၀.၀၈၉)ဧကရှိ ဝိုင်းမြေကွက်များသည် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတွင် ဒေါ်အေးနှင့် (မြေး) ဦးဇော်ဝင်းနိုင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဘိုးဘပိုင်ဝိုင်းမြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိအဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်အေးနှင့် မြေးဖြစ်သူ ဦးဇော်ဝင်းနိုင်တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဦးအီးတိန်(ခ)လီချူးစိန် (ဘ) ဦးလီရီရိန် ၅/ကလတ(ပြု)၀၀၀၀၄၈ မှ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ မိတ္ထီလာမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၁၁-၄-၂၀၂၄) ရက်စွဲ ပါမှတ်ပုံတင်စာချုပ်အမှတ် (၀၇၆/၂၀၂၄)ဖြင့် မှတ်ပုံတင်ထားရှိပြီးဖြစ်ရာ အဆိုပါမြေကွက်များနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေ ဦးအီးတိန်(ခ)လီချူးစိန် အမည်ဖြင့် ဘိုးဘပိုင်အမှုတွဲအမှတ်-(၂/ဘိုးဘ/၂၀၂၄)အရ အမည်ပြောင်းလျှောက်ထားလျက်ရှိပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မိတ္ထီလာမြို့နယ်၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်အောင်လွင် (LL.B)**
**တရားလွှတ်တော်ရှေ့န စဉ်-၁၆၇၆၆ (၂၁-၁၂-၂၀၂၀)**
**ဗိုလ်ချုပ်အောင်ဆန်းလမ်းမ၊ မဟာစည်တိုးချဲ့ရပ်၊ မိတ္ထီလာမြို့၊**
**ဖုန်း-၀၉-၄၄၂၂၀၀၃၅၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/05520, Yamaha NVX 155, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးသန့်ဇော် ၁၄/ရကန(နိုင်) ၁၇၃၆၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၂၁၀၉, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိထွေး ၆/ထဝန(နိုင်) ၀၈၁၀၂၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ယ/၉၈၀၄၁, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထွေး ၆/သရခ(နိုင်) ၀၃၃၃၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ ကမ္ဘာကြီး၏ မျက်မှောက်အခြေအနေအရပင်ဖြစ်စေ၊ မိမိတို့နိုင်ငံ၏ ပကတိအရှိတရားအရဖြစ်စေ၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးသည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးပန်းတိုင်၊ အမျိုးသားရေးတာဝန်ပင်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ပြုလုပ်သော (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေ အနုပညာပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ကုန်သွယ်ရေးပုံစံအသစ် စနစ်အသစ်ဖြင့် ရန်ကုန် - ကော့သောင်း - ရနောင်းသို့ ကွန်တိန်နာသင်္ဘောဖြင့် ကုန်သွယ်မှုစတင်ပြုလုပ်

ကော့သောင်း ဇူလိုင် ၁၀

နယ်စပ်ကုန်သွယ်ရေးပုံစံအသစ် စနစ်အသစ်ဖြင့် ရန်ကုန် - ကော့သောင်း - ရနောင်းသို့ ကွန်တိန်နာသင်္ဘောဖြင့် ကုန်သွယ်မှု စတင်ပြုလုပ်နေပြီဖြစ်ရာ ဇူလိုင် ၈ ရက်က တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့သို့ ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။



ရန်ကုန်တိုင်းဒေသကြီး အလုံဆိပ်ကမ်းမှ ထွက်ခွာလာသော ကွန်တိန်နာသင်္ဘောကြီးမှာ ဇူလိုင် ၈ ရက်က တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ဆိပ်ကမ်းသို့ ဆိုက်ကပ် Check Point ပြခဲ့ပြီး ထိုင်းနိုင်ငံ ရနောင်းမြို့သို့ ကုန်စည်ပို့ဆောင်ရန် ဆက်လက်ထွက်ခွာသွားခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ *စာမျက်နှာ ၁၂ ကော်လံ ၃* ◆

## မြန်မာနှင့် အိန္ဒိယ အမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်းတို့ ခြေစမ်းပွဲ ဒုတိယပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၁၀

FIFA နိုင်ငံတကာချစ်ကြည်ရေး ခြေစမ်းပွဲ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနှင့် အိန္ဒိယလက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတို့၏ ဒုတိယပွဲစဉ်ကို ဇူလိုင် ၁၂ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ယင်းနေ့ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV HD Channel၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပေးမည်ဖြစ်သည်။

သတင်းစဉ်

**ယနေ့ သတင်းအညွှန်း**

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နေ့စဉ်အချိန်နဲ့အမျှ ဘဏ်တွေရဲ့ ငွေသွင်း/ငွေထုတ်အပ်နှံငွေ အခြေအနေတွေကို စောင့်ကြည့်ထိန်းကျောင်းနေတာကြောင့် ပြည်သူတွေအနေနဲ့ ကောလာဟလအပေါ် နားမယောင်ကြဖို့ ပြောကြားလိုပါတယ်**

တွေ့ဆုံမေးမြန်း စာ ၉

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ငွေကျပ် ၄ ဒသမ ၈ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၆၀၃ ကီလို ဖမ်းဆီးရမိ**

ပြည်တွင်းသတင်း စာ ၂၁

## နာမည်ကြီး ပြင်သစ်ကို အနိုင်ယူပြီး ယူရို ၂၀၂၄ ပြိုင်ပွဲ ဗိုလ်လုပွဲ စပိန်အသင်းတက်လှမ်း

ယူရို၂၀၂၄ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဖြစ် ဇူလိုင် ၁၀ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် စပိန်နှင့် ပြင်သစ်အသင်းပွဲစဉ်တွင် စပိန်အသင်းက နှစ်ဂိုး - တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး ဗိုလ်လုပွဲသို့တက်လှမ်းနိုင်ခဲ့သည်။

ပြင်သစ်အသင်းသည် ပွဲချိန် ၉ မိနစ်တွင် အမ်ဘာပေ၏ ဖန်တီးမှုမှ မူအာနီက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် ချေပဂိုးနှင့် အနိုင်ဂိုး ပြန်လည်ခွင့်ပေးခဲ့ရသည့်အတွက် ရှုံးပွဲကြုံတွေ့ကာ ဗိုလ်လုပွဲ တက်လှမ်းခွင့် လွဲချော်ခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❖



လူငယ်ကစားသမား ယာမဲလ် စပိန်အသင်းအတွက် ချေပဂိုး သွင်းယူစဉ်။